မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၈၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်အစိုးရလက်ထက် ၁၈၇ ခုမြောက် ချောင်းမငယ်ရေလှောင်တမံဖွင့်လှစ် လယ်ဝေးမြို့နယ်ရှိ လယ်မြေဧက ၈၀၀၀ ကို စိုက်ပျိုးရေ ထုတ်လွှတ်ပေးနိုင်မည် ဆည်ရေကို စနစ်တကျအသုံးပြုပြီး သီးနှံများ ပန်းတိုင်အထွက်ရရှိရေးဆောင်ရွက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကိုတန်ဖိုးထားပြီး ဒေသအကျိုး ထိရောက်စွာအသုံးပြု ရေလှောင်တမံဝန်းကျင်တွင် စိုက်ကေများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးလုပ်ကိုင်

နေပြည်တော် ဇူလိုင် ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာအနီး တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ချောင်းမငယ်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ က အဆိုပါရေလှောင်တမံ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်အမှာစကားပြောကြားပြီး ရေလှောင်တမံကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်အစိုးရနှင့် ပြည်သူ ကြည်ဖြူလက်တွဲပြီး ကိုယ့်ဝန်၊ ကိုယ့်တာ ကျေပွန်စေရအောင် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက် ကြသည်နှင့်အမျှ အမိနိုင်ငံတော် ကြီးသည်လည်း ကြုံတွေ့ခဲ့ရသော တားဆီးပိတ်ဆို့မှု၊ နှောင့်ယှက်ဟန့်တားမှု၊ အဖျက်အမှောင့်လုပ်ငန်း အဖုံဖုံကျော်လွှားပြီး တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ပင်ဖြစ်၏။

ချောင်းမငယ် ရေလှောင်တမံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များ ချောင်းမငယ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

ပြည်ပဈေးကွက်ဝင် ကော်ဖီတိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံတွင် အဓိကသီးနှံ၁၀မျိုးဖြစ်သည့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံနှင့် ပြောင်းစသည့် သီးနှံများ အထွက်တိုးရေး အားသွန်ခွန်စိုက် ကြိုးပမ်းနေသည်။

တောင်သူလယ်သမားများအနေဖြင့် ဝင်ငွေတိုး၍ ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ပြည်ပဈေးကွက်ဝင် ကော်ဖီသီးနှံကိုလည်း စိုက်ပျိုးသင့်သည်။ ရာသီဥတုအေးမြသည့် တောင်ပေါ်ဒေသများ၊ မြေပြန့်ဒေသနည်းပါးသည့် တောင်စခန်းမြို့များတွင် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းနှင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်သည်။

ကော်ဖီကို မြန်မာနိုင်ငံ၌ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကလောမြို့နယ်၊ ကရင်ပြည်နယ် သံတောင်ကြီး တောင်စခန်းမြို့နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်အချို့မြို့နယ်များ၌လည်း စိုက်ပျိုးအောင်မြင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးဧကငါးသောင်းကျော်ရှိကြောင်း သိရသည်။

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက ၂၀၁၀ပြည့်နှစ်အတွင်း ကော်ဖီဧကတစ်သိန်း စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း သိရသည်။ လက်ရှိဈေးကွက်တွင် မြန်မာ့ကော်ဖီကို ပြည်တွင်းဈေးကွက်အပြင် ပြည်တွင်းရှိ ဟိုတယ်ကြီးများနှင့် ပြည်ပနိုင်ငံအသီးသီးသို့လည်း တင်ပို့လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက ကော်ဖီစိုက်ပျိုးလိုသူများကို မျိုးကောင်းမျိုးသန့်ပျိုးပင်နှင့် အရိပ်ရပင်များရရှိရေး၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများ၊ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များရရှိရေး အားပေးကူညီလျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ် ပွေးတောင်ကော်ဖီခြံတွင် ကော်ဖီဆိုင်ရာ သုတေသနလုပ်ငန်းများ အောင်မြင်စွာ စမ်းသပ်လုပ်ကိုင်လျက်ရှိသည်။

မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက အရည်အသွေးမြင့် ကော်ဖီစိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးခြင်း၊ တောင်သူလယ်သမားများက အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးခြင်းတို့ဖြင့် ပြည်ပဈေးကွက်ဝင်သည့် ကော်ဖီသီးနှံများကို ပိုမိုတိုးချဲ့ စိုက်ပျိုးလာနိုင်သည်နှင့်အမျှ ဝင်ငွေတိုး၍ အကျိုးများမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



မြစ်ငယ်လူစီးတွဲများ သတ်မှတ်ချက်အတိုင်းအတာများအညီ ပြုပြင်မွမ်းမံ လုပ်ငန်းများ လစဉ်ပြန်လည်သုံးသပ်ပြီး တိုးတက်နေအောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါ၍ ဇူလိုင်၁၀ရက် မွန်းလွဲ၁နာရီက မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၌ ဝန်ထမ်းအင်အား ၁၅၂၀တို့အား တွေ့ဆုံပြီး ဒို့တာဝန်အရေးသုံးပါးကို လေးနက်စွာ နားလည်ခံယူတတ်ရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုရှိစွာဖြင့် စက်ရုံ၏ ရည်မှန်းချက်တာဝန်များကို ပြည့်မီကျော်လွန်အောင် စွမ်းဆောင်ရေး၊ လက်ရှိစက်ရုံ၏ လစဉ်တွဲ၄၀ ပြုပြင်မွမ်းမံပြီးစီးရေး ရည်မှန်းချက်ကို တွဲ၅၀အထိ တိုးမြှင့်ပြုပြင်မွမ်းမံနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (အပေါ်ပုံ)

ဆွေးနွေးညှိနှိုင်း

ယင်းနောက် စက်ရုံအတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးလက်ဆောင်ရရှိခဲ့သည့် လူစီးတွဲများကို မြန်မာ့မီးရထား၏ သတ်မှတ်ချက် အတိုင်းအတာများနှင့် ကိုက်ညီစေရန် ပြုပြင်မွမ်းမံနေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သွက်လက်မြန်ဆန်စေရေးအတွက် ဆောင်ရွက်ရေး၊ လုပ်ငန်းများကို လစဉ်ပြန်လည်သုံးသပ်၍ တိုးတက်နေအောင် ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လုပ်ငန်းဆိုင်ရာနည်းပညာနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

မြှင့်တင်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး၌ ၎င်းဌာနနှင့် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနတို့မှ ဝန်ထမ်းအင်အား ၁၄၅ဦးတို့အား တွေ့ဆုံပြီး လက်ရှိလုပ်ငန်းအခြေအနေများကို သုံးသပ်ကာ ပြည်သူ့ဝန်ထမ်း ကျင့်ဝတ်နှင့် စည်းကမ်းကို လိုက်နာရေး၊ ပြည်သူကိုအကျိုးပြုရေး၊ မသမာမှုကင်းရှင်းရေး၊ ဌာန၏ဂုဏ်သိက္ခာကို အစဉ်စောင့်ထိန်း မြှင့်တင်ရေးတို့အတွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၃-၇-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၂၅ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၃၀ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၄၅)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"ဘာသာဋီကာကျမ်းပြု အကျော်ဆရာတော်"**
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ)(အပိုင်း-၆)

အဘွား-ဒေါ်အေးဇင်နှင့် ဒေါ်သန်းတင်တို့အားရည်စူး၍ အမှတ် ၄၄၇၊ သုမနလမ်း ၁၆/၃ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်ထွေး (ငရုတ်သီးမှုန့် အမျိုးမျိုးထုတ်လုပ်ဖြန့်ချိရေး၊ သိမ်ကြီးဈေး)၊ သား-ဦးသိန်းဝင်း၊ သမီး ဒေါ်လှလှမြင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်ဆယ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးတင်မောင်ဝင်း လက်ခံရယူစဉ်။ (က-ပ)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၈လမ်း၊ အမှတ် ၁၂၁ နေ ဦးလှတင်သိန်း-ဒေါ်စန်းစန်း၊ သား ဒေါက်တာဝင်းမြင့်-မလှမျိုးနိုင်၊ မောင်မျိုးသန်း - မတင်အုန်း၊ သမီး မချိုချိုသိန်း၊ မောင်အောင်မင်းတို့က အထွေထွေ ပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၅) ရပ်ကွက် ပရိယတ္တိနယူပဒေသသိပ္ပ မဉ္ဇူစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခဉာဏ (စာရေးဆရာ-စိတ်မိုး) အမှူးပြုသော ဝါဆို သံဃာအရှင်မြတ်တို့အား ၁၃၆၈ ခု ဝါဆိုလပြည့်ကျော် ၇ရက် (ဇူလိုင် ၁၆ ရက်) တနင်္ဂနွေနေ့တွင် ဒါယကာ၊ ဒါယိကာမများ စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြမည် ဖြစ်ရာ အလှူရှင်တို့အနေဖြင့် ဝါဆိုသင်္ကန်းများ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၉၂)**

မြန်မာနိုင်ငံ၏ အခြေအနေသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိပါးသော ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က မှတ်ယူလက်ခံခြင်းမရှိ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်းသို့ ရောက်ရှိအောင် အတင်းဖိအားပေး၍ ဆောင်ရွက်နေခြင်းကိုလည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၆ ခုနှစ် ဇူလိုင် ၆ ရက်တွင် ပြုလုပ်သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ညှိနှိုင်းရေးဗျူရို အစည်းအဝေးတွင် မြန်မာနိုင်ငံကိစ္စအပေါ် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ တစ်ခဲနက်ထောက်ခံမှုကို ရရှိခဲ့သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများကလည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သာမက သီရိလင်္ကာနိုင်ငံကလည်းကောင်း မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ထိပါးခြင်းမရှိကြောင်း၊ ထို့ကြောင့် လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရန်မသင့်ကြောင်း ရပ်တည်ပြောကြားခဲ့သည်။

ထို့အပြင် အာဖရိကနှင့် လက်တင်အမေရိကဒေသတို့မှ ဝင်ရောက်ထောက်ခံပြောကြားသူများက မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေမှု ရှိ၊ မရှိကို ဒေသအတွင်းရှိနိုင်ငံများက အသိဆုံးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသအတွင်းရှိ နိုင်ငံတို့က မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မည်သို့မျှ ထိခိုက်စေခြင်းမရှိဟု ပြောကြားခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီအာဂျင်ဒါတွင် ထည့်သွင်းခြင်းမပြုသင့်ကြောင်းကို ထောက်ခံရပ်တည်ပြောကြားခဲ့ကြသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာ နိုင်ငံတို့က ထောက်ခံရပ်တည်ပြောကြားသကဲ့သို့ အာဖရိကဒေသမှ အီဂျစ်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့ကလည်းကောင်း၊ လက်တင်အမေရိကမှ ကျူးဘား၊ ဗင်နီဇွဲလားနှင့် ဂွာတီမာလာနိုင်ငံတို့ကလည်းကောင်း အသီးသီးထောက်ခံပြောကြားခဲ့ကြပြီး အဖွဲ့ဝင် ၂၂ ဦးတို့က ထောက်ခံပြောကြားခဲ့ကြကြောင်း သိရှိရသည်။

ထို့ကြောင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဥက္ကဋ္ဌ Mr. Hamidon Ali အနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါတွင်ထည့်သွင်းခြင်းမပြုရေးအတွက် လုံခြုံရေးကောင်စီဥက္ကဋ္ဌ Mr. Jean-Marc de La Sabliere ထံသို့ ၂၀၀၆ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် စာတစ်စောင်ရေးသားပေးပို့ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ စာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အဆွေတော်ခင်ဗျား-

လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်းသို့ရောက်ရှိစေရန် ဆောင်ရွက်နေခြင်းနှင့် ဆုံးဖြတ်ချက် (Resolution) တစ်ရပ် ချမှတ်နိုင်ရန် ကြိုးပမ်းနေခြင်းအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံများက စိုးရိမ်မကင်းဖြစ်နေရကြောင်း တညီတညွတ်တည်း ထုတ်ဖော်ပြောကြားလာမှုကြောင့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ဥက္ကဋ္ဌ တာဝန်ယူထားသော မိမိအနေဖြင့် ဘက်မလိုက် လှုပ်ရှားမှု နိုင်ငံများကိုယ်စား လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ယခုကဲ့သို့ မိမိတို့၏ စိုးရိမ်မကင်းဖြစ်နေရမှုများကို စာဖြင့်ရေးသား အသိပေးရခြင်း ဖြစ်ပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် ကုလသမဂ္ဂ၏ အဓိကပင်မ အဖွဲ့အစည်းကြီးများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်ရာတွင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူဝါဒများနှင့် ရည်မှန်းချက်များကို လေးစားလိုက်နာ ဆက်ဆံခြင်းသည် အဖွဲ့အစည်းအချင်းချင်းအကြားရှိ ဆက်ဆံရေးကို ထိန်းသိမ်းရန်အတွက် အဓိကကျသော အခြေခံလိုအပ်ချက်ဖြစ်ကြောင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့မှ အသိအမှတ်ပြု လက်ခံထားပါသည်။ လုံခြုံရေးကောင်စီက အထွေထွေညီလာခံ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီအပြင် အခြားသော အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များအပေါ် စွက်ဖက်ခြယ်လှယ်နေမှုသည် ကုလသမဂ္ဂ ပဋိညာဉ်နှင့်အညီ ဖြစ်၊ မဖြစ် မေးမြန်းဆန်းစစ်ရမည့်အရေးကိစ္စ ဖြစ်လာပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့၏ သဘောထားရပ်တည်ချက်ကို လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က စာအမှတ် S/2006/85 ဖြင့်လည်းကောင်း၊ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က စာအမှတ် S/2006/111 ဖြင့်လည်းကောင်း စာများရေးသားပေးပို့ခဲ့ပါသည်။ ထိုစာများ၏ မိတ္တူများကို ဤစာနှင့်အတူ ပူးတွဲပေးပို့ထားပါသည်။

လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေခြင်းမရှိသော ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ အရေးကိစ္စတစ်ရပ်ကိုဖြစ်စေ (သို့မဟုတ်) ပြဿနာတစ်ရပ်ရပ်ကိုဖြစ်စေ တရားဝင်သော်လည်းကောင်း၊ အလွတ်သဘောသော်လည်းကောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းဆောင်ရွက်မှုပြုခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း ပုဒ်မ (၂၄)နှင့် ဆန့်ကျင်လျက်ရှိကြောင်း၊ ဘက်မလိုက်လှုပ် ရှားမှုအဖွဲ့က အလေးအနက်ထားကာ ထပ်မံဖော်ပြလိုပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးသော ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က မှတ်ယူလက်ခံခြင်းမရှိပါ။ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်းသို့ ရောက်ရှိအောင် အတင်းဖိအားပေး၍ ဆောင်ရွက်နေခြင်းကိုလည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်ပါသည်။ မြန်မာနိုင်ငံ၏ အရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါအတွင်း ထည့်သွင်းရန် ဆောင်ရွက်ခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူဝါဒနှင့် ရည်မှန်းချက်များ (အထူးသဖြင့် ပုဒ်မ-၂၄)ကို ဖောက်ဖျက်ရာရောက်ပါသည်။ သို့ဖြစ်၍ လုံခြုံရေးကောင်စီအနေဖြင့် ၎င်း၏လုပ်ငန်းတာဝန်များအား ဆောင်ရွက်ရာတွင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို လက်ကိုင်ပြုလျက် မူဝါဒများအပေါ် အပြည့်အဝ လေးစားလိုက်နာစေလိုကြောင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက ထပ်လောင်း၍ အလေးအနက် ဖော်ပြအပ်ပါသည်။ ။

(သတင်းစဉ်)

ဆူပူလှုံ့ဆော်ရေးသမားများနှင့်အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို တားဆီးကာကွယ်သွားရန် ပြင်ဆင်ဆောင်ရွက်

■ *ကျော့ဖုံးမှ*

ဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်စာများ ဖြန့်ဝေခြင်း၊ အကွက်ချစီစဉ်မှုများ ပြုလုပ်နေခြင်း စသည့် သတင်းများကိုဆက်လက်ဖော်ထုတ်ရရှိနေသည်။

သို့သော် တစ်ချိန်တည်းမှာပင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းဆောင်ရွက်နေမှုကြောင့် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်နေမှုများကို တွေ့မြင်ယုံကြည်လာကြသည့် အခြားသောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့ပင် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လျက်ရှိနေကြသည်။ ဒေသခံတိုင်းရင်းသားပြည်သူများကလည်း မိမိတို့နယ်မြေဒေသယခုမှတည်ငြိမ်အေးချမ်းမှုရရှိပြီး အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာနိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာနေကြသည်။ ထို့အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ယခင်က တည်ငြိမ်အေးချမ်းမှုမရှိသော ဒေသအချို့ယခုကဲ့သို့ အေးချမ်းတည်ငြိမ်မှုရရှိလာ၍ မိမိတို့နှင့်အတူတကွ ထပ်တူထပ်မျှဖွံ့ဖြိုးတိုးတက်လာတော့မည့် အလားအလာကောင်းများကြောင့် နှစ်ထောင်းအားရ ရှိနေကြသည်။

ယင်းသို့သော အချိန်ကာလတွင် အာဏာကို ဖြတ်လမ်းမှရယူလိုသည့် အဖျက်သမားတစ်စု၏ ဆူပူအုံကြွရေးလုပ်ကြံဖန်တီးမှုကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ယိုယွင်းပျက်ပြားသွားမည်ကို လုံးဝမလိုလားသော၊ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုကြသော ပြည်သူများက ပြည်သူ့စွမ်းအားရှင်အဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး အဆိုပါဆူပူလှုံ့ဆော်ရေးသမားများနှင့် အကြမ်းဖက်အဖျက်သမားများ၏ လုပ်ရပ်များကို တားဆီးကာကွယ်သွားကြရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၇-၂၀၀၆ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချို့အေး မင်္ဂလာတေး

၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၈:၀၀ ၇။ အတီးပြိုင်ပွဲ

၈:၀၅ ၈။ အကပဒေသာ

၈:၂၀ ၉။ ရှမ်းပြည်နယ်အရှေ့ပိုင်း နမ့်မွေတံတား

၈:၃၀ ၁၀။ International News

၈:၄၅ ၁၁။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English for Everyday Use

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]

၁၇:၁၅ ၆။ ချစ်စရာအရွယ်ကကြိုးသွယ်

၁၇:၃၀ ၇။ **"ပေါင်ပေါ်ကျတဲ့မီး"** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)

၁၇:၄၅ ၈။ တေးဂီတအစီအစဉ်

၁၈:၀၀ ၉။ ညနေခင်းသတင်း

၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၁။ သီရိဂေဟာ

၁၉:၀၀ ၁၂။ ကြီးပွားတိုးတက်စေရာ အကျိုးတူပူးပေါင်းဆောင်ရွက်ပါ

၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၅)

၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၁)

သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင်ထူးချွန်လူငယ်များပေါ်ထွက်ရေး စင်ကာပူနိုင်ငံတွင်ပညာသင်ဆုအစီအစဉ်စတင်

စင်ကာပူ ဇူလိုင် ၁၂

စင်ကာပူနိုင်ငံ နန်ယန်နည်းပညာတက္ကသိုလ်(အင်န်တီယူ)က ယန်ချင်နင်းစကောလားရှစ် အစီအစဉ်တစ်ခုကို စတင်လိုက်ကြောင်း ဇူလိုင် ၁၀ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ ယန်ချင်နင်းပညာသင်ဆု အစီအစဉ်စတင် ဖွင့်လှစ်ခြင်း အခမ်းအနားတွင် စင်ကာပူ ပညာရေးဝန်ကြီး လီွတောက်ယောက သိပ္ပံနှင့် နည်းပညာနယ်ပယ်မှ အထူးချွန်ဆုံးကျောင်းသားများအတွက် ယခုအစီ အစဉ်ကို ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

တွန်းအားပေး

စင်ကာပူနိုင်ငံတွင် ထူးချွန်ထက်မြက်သည့် လူငယ်များအများအပြား ရှိကြောင်း၊ ၎င်းတို့အား သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် နက်နက်ရှိုင်းရှိုင်း လေ့လာဆည်းပူးနိုင်စေရန် တွန်းအားပေးခြင်းအနေဖြင့် ပြုလုပ်ခြင်းဖြစ်သည်ဟု ၎င်းကပြောကြားသည်။

ဆင်းရဲပြီး ထူးချွန်သော လူငယ်များအတွက် သုတေသန ပြုလုပ်မှုများ၊ အသိပညာဗဟုသုတ တိုးပွားမြင့်မားစေမှုများကို အထူးအခွင့်အရေးတစ်ရပ်အဖြစ် ယခုအစီအစဉ်က ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ရောက်ရှိ

ယန်ချင်နင်းသည် တရုတ်နိုင်ငံ ကျင်ဟွာတက္ကသိုလ်မှ ပါမောက္ခတစ်ဦး ဖြစ်ပြီး ယခုအခမ်းအနားသို့ တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယန်ချင်နင်းသည် ပညာသင်ဆု စတင်ပေးရန် စင်ကာပူနိုင်ငံတွင် ဆွေးနွေးရေးအတွက် ယခုအခါ ခြောက်ရက်ကြာ အလည်အပတ်ခရီး ရောက်ရှိလျက်ရှိသည်။

စင်ကာပူနိုင်ငံ အင်န်တီယူရှိ ယန်ချင်နင်း ပညာသင်ဆု အစီအစဉ်တွင် တက်ရောက်သင်ကြားမည့် နိုင်ငံပေါင်း ၉၀ မှ ကျောင်းသား ၆၉၀ ခန့်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ



ပညာရေးအထောက်အကူပြုစက်ရုပ် ဂျပန်နိုင်ငံထုတ်လုပ်

တိုကျို ဇူလိုင် ၁၂

ဂျပန်နိုင်ငံရှိ စက်ရုပ်များထုတ်လုပ်သည့် ဇက်အမ်ပီကုမ္ပဏီမှ ပညာရေး ဆိုင်ရာ စက်ရုပ်အသစ်တစ်မျိုးအား တီထွင် ထုတ်လုပ်ခဲ့ကြောင်း ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇူလိုင် ၁၁ရက်က ပြောကြားသည်။ **(အပေါ်ပုံ)**

ထုတ်လုပ်

ယင်းစက်ရုပ်သည် တက္ကသိုလ်ကျောင်းသားများ၊အထူးသဖြင့် အင်ဂျင် နီယာကျောင်းသားများအတွက် ပညာရေးအထောက်အကူပြု ပစ္စည်းအဖြစ် တီထွင်ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။ ၎င်းစက်ရုပ်အား အမေရိကန်ဒေါ်လာ ၅၉၁၃ ဖြင့် ရောင်းချသွားမည် ဖြစ်ကြောင်း ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်၌အိမ်မွေးတိရစ္ဆာန်လေ့ကျင့်ရေးဆရာများခေါ်ယူ ပေကျင်းတစ်မြို့တည်း၌ အိမ်မွေးခွေးတစ်သန်းကျော်ရှိ

ပေကျင်း ဇူလိုင် ၁၂

တရုတ်နိုင်ငံတွင် အိမ်မွေးတိရစ္ဆာန်များကို လိမ္မာရန်နှင့် အမိန့်နာခံတတ်ရန် သင်ကြားပေးမည့် လေ့ကျင့်ရေးဆရာများကို ပိုင်ရှင်များက ဆက်သွယ်ခေါ်ယူလျက်ရှိကြကြောင်း ပေကျင်းမောနင်းပို့စ် သတင်းစာကဖော်ပြသည်။

အဆိုပါ လေ့ကျင့်ရေးဆရာများက အိမ်မွေးတိရစ္ဆာန်များအား အခြေခံများ ပိုမိုတတ်ကျွမ်းမှုများနှင့် အဆင့်မြင့် သင်တန်းများ သင်ကြားပုံများကို အိမ်မွေးတိရစ္ဆာန်လေ့ကျင့်ရေး ကုမ္ပဏီက ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြသခဲ့သည်။

အခြေခံသင်တန်းတွင် ခွေးတစ်ကောင်က အကျပ်အတည်းမှ ထွက်တတ်စေခြင်း၊ ထိုင်စေခြင်း၊ ပိုင်ရှင်နှင့်အတူ လမ်းလျှောက်စေခြင်း၊ စောင့်ဆိုင်းစေခြင်းများပါဝင်ပြီး ပိုမိုတတ်မြောက်စေသည့်သင်တန်းတွင် ပိုင်ရှင်က တစ်စုံတစ်ခုယူခိုင်းလျှင် ယူတတ်ခြင်းကဲ့သို့ အမိန့်ကို နာခံတတ်ရန် သင်ကြားမှုများပါဝင်သည်။

သင်တန်းကြေးမှာ ယွမ်ထောင်ပေါင်းများစွာမှ ယွမ်တစ်သောင်းကျော် (အမေရိကန်ဒေါ်လာ ၁၂၅၀)ရှိကြောင်း သတင်းစာက ဖော်ပြသည်။

ပေကျင်းတစ်မြို့တည်းမှာပင် အိမ်မွေးခွေး တစ်သန်းကျော်ရှိကြောင်း ပိုင်ရှင်က ၎င်း၏ အိမ်မွေးတိရစ္ဆာန်အတွက် တစ်လလျှင်ယွမ် ၂၀၀(အမေရိကန်ဒေါ်လာ ၂၅ ခန့်)ပျမ်းမျှသုံးစွဲပါက ဈေးကွက်တွင် တစ်နှစ်လျှင် ယွမ် ၂၄ သန်းကျော်(ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သုံးသန်း)ရှိသွားမည်ဖြစ်ကြောင်း စာရင်းဇယားများတွင် ဖော်ပြပါရှိသည်။

အင်အင်အေ၊ဆင်ဟွာ

နယူးယောက်၌သုံးထပ်အဆောက်အအုံပြိုကျ

နယူးယောက် ဇူလိုင် ၁၂

အမေရိကန်နိုင်ငံ နယူးယောက် မြို့တွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီးနောက် သုံးထပ်အဆောက်အအုံတစ်ခု ပြိုကျသွားခဲ့ကြောင်း၊ ဖြစ်ပွားမှုမှာ ဇူလိုင် ၁၀ရက် နံနက်ကဖြစ်ကြောင်း၊ အဆောက်အအုံပြိုကျမှုကြောင့် ဒဏ်ရာရရှိသူများရှိကြောင်း မျက်မြင်တွေ့ရှိသူများနှင့် အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ပြောကြား

ယခုအဆောက်အအုံပြိုကျမှုသည် အကြမ်းဖက်သမားများ၏ လက်ချက်ကြောင့် မဟုတ်ကြောင်း၊ ဓာတ်ငွေ့ ပေါက်ကွဲမှုတစ်ရပ်ကြောင့်ဖြစ်ကြောင်း အာဏာပိုင်များနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဒဏ်ရာရ

ထိုသို့ အဆောက်အအုံပြိုကျမှုကြောင့် လူလေးဦး ဒဏ်ရာရရှိသွားကြောင်း၊ နှစ်ဦးထက်မနည်း ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ရိုက်တာ

ရေပြင်အောက်၌ တေးဂီတဖျော်ဖြေသူ

ရေပြင်အောက်တွင် တေးဂီတ ဖျော်ဖြေပွဲ ဆင်နွှဲနေသူတစ်ဦးကို တွေ့ရစဉ်။

(အပေါ်ပုံ) အမေရိကန်နိုင်ငံဖလော်ရီဒါပြည်နယ် ဖလော်ရီဒါ ကမ်းလွန်ရေအောက်တွင် ဂီတဖျော်ဖြေပွဲတစ်ရပ်အဖြစ် ကမ္ဘာကျော်အဆိုတော် အဲလ်ဗစ်နှင့်တူအောင် ဝတ်စား ဆင်ယင်ထားသည့် နီဂိုလ်ဘတ်အမည်ရှိ တေးဂီတသမားတစ်ဦးက ဂီတာ တစ်လက်ဖြင့် တီးခတ်ဖျော်ဖြေခဲ့ကြောင်း သိရသည်။ ရေအောက်တွင်ရှိသောအသံကြိုးများဆက်သွယ်ကာ မြေပြင်ရှိအသံလွှင့် ဌာနတစ်ခုသို့ ပြည်သူများ နားဆင်နိုင်ရန် ခြောက်နာရီကြာ လွှင့်ထုတ် ပေးခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ပုံမှန်ထက်နှစ်ဆကြီးထွားသည့် ကလေးငယ်

သာမန် ကလေးငယ်များထက် နှစ်ဆခန့်ကြီးထွားနေသော ကလေးငယ်တစ်ဦးကိုတွေ့ရစဉ်။

(ဝဲပုံ)

တရုတ်နိုင်ငံ ဟေနန်ပြည်နယ် အလယ်ပိုင်းရှိ စူချင်းမြို့တွင် ဂူ အမည်ရှိလေးနှစ်သားအရွယ် ကလေးငယ်တစ်ဦးသည် သာမန်ကလေးငယ်များထက် နှစ်ဆခန့် ကြီးထွားကာ ၃၉ဒသမ ၅ကီလိုဂရမ်ရှိကြောင်း သိရသည်။ ၎င်းကလေးငယ်သည် အလေးချိန် ငါးကီလိုရှိသောသံတုံးများကို လွယ်လွယ်ကူကူ မပြနိုင်ကြောင်း လက်တွေ့ပြသခဲ့သည်။ **(အင်တာနက်)**

မင်္ဂလာဒုံမြို့နယ်ကို သီးခြားမြို့နယ်ရုံးသစ်ဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက် လုပ်ငန်းစဉ်များအောင်မြင်ရေး လူအင်အားဖွဲ့စည်းတည်ဆောက်မှု အဓိကဖြစ်

ရန်ကုန် ဇူလိုင် ၁၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် လှော်ကားဓာတ်အားခွဲရုံသို့ရောက်ရှိရာ လှော်ကားစက်ရုံမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ဓာတ်အားခွဲရုံရှိ BANK(၁) ထရန်စဖော်မာပြုပြင်ထိန်းသိမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ်(၀၀၄) သို့ရောက်ရှိပြီး လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေနှင့် မော်တော်ယာဉ်များ CNG ဖြည့်တင်းမှုအခြေအနေများကို ကြည့်ရှုပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။

တိတိကျကျ

ယင်းနောက် ဝန်ကြီးသည် အင်းစိန်-မင်္ဂလာဒုံမြို့နယ် နှစ်မြို့နယ်တွဲဖက်ထားရှိမှုမှ မင်္ဂလာဒုံမြို့နယ်ကို သီးခြားရုံးသစ်ဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်နေသည့် ခရေပင်ရိပ်မွန်ဓာတ်အားခွဲရုံသို့ရောက်ရှိရာ မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက ဇွန် ၂၃ ရက်မှစ၍ မြို့နယ်ရုံးသစ်ကို စတင်ဖွင့်လှစ်ပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဝန်ထမ်းအင်အားအခြေအနေများကို လည်းကောင်း၊ မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်တင်က ခရိုင်အတွင်း သီးခြားမြို့နယ်ရုံးသစ်များ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးက လိုအပ်လျက်ရှိသော ဝန်ထမ်းအင်အားကို အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိမှုတို့ကိုတင်ပြကြရာ ဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မင်္ဂလာဒုံမြို့နယ်ကို သီးခြားမြို့နယ်ရုံးသစ်ဖွင့်လှစ်ပြီး ဆောင်ရွက်မှုကြောင့် မိမိမြို့နယ်အလိုက် လုပ်ငန်းတာဝန်များကို တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်စေလိုကြောင်း၊ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် လူအင်အားဖွဲ့စည်းတည်ဆောက်မှုသည် အဓိကဖြစ်သဖြင့် အင်အားအပြည့်အဝရှိရန် လိုကြောင်း စသည်ဖြင့် အကျယ်တဝင့်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဝင်ငွေတိုးတက်ရရှိရေး

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ လျှပ်စစ်စမ်းသပ်ရေးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို ဌာနမှူး အမှုဆောင်အင်ဂျင်နီယာ ဦးညွှန့်သန်းက မိမိတို့ဌာန၌ ရန်ကုန်မြို့ကို စီမံချက်ချမှတ်၍ မီတာများတင်ဆင်နိုင်ရန်အတွက် မီတာအလုံးပေါင်း ၁၃၆၈၄၈ ကို စမ်းသပ်စစ်ဆေးခဲ့ပြီး ရန်ကုန်တိုင်းအတွင်း မီတာအလုံးပေါင်း ၉၀၂၃၀ တပ်ဆင်ပြီးစီးပြီဖြစ်ကြောင်း၊ ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ညွှန်ကြားရေးမှူး ဦးမျိုးနိုင်နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှဗိုလ်မှူးကြီးခင်မောင်စိုးတို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မိမိဝန်ကြီးဌာန ဝင်ငွေတိုးတက်ရရှိရေးအတွက် တရားမဝင်သုံးစွဲမှုများ မဖြစ်ပေါ်စေရေး၊ ယူနစ်ပျောက်ဆုံးမှု အနည်းဆုံးဖြစ်စေရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ် ဆောင်ရွက်သွားစေလိုကြောင်း ရှင်းလင်းပြောကြားပြီး ခင်းကျင်းပြသထားသော အိမ်သုံးမီတာ၊ စက်မှုသုံး/အိမ်သုံးပါဝါမီတာများ၊ စီတီမီတာများနှင့် ကာဗာဆီလ်အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အင်ဂျင်နီယာ ဦးညွှန့်သန်းက အသေးစိတ် ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲဖွင့်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေ တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသည့်အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ၂၀၀၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေက ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

MRTV-4 အစီအစဉ်

၁၃-၇-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ပဲခူးသက်သတ်လွတ်သနပ်စုံ
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	Music Gallery
၇:၄၅	ပြည်တွင်းသတင်းအကျဉ်း
၇:၅၅	အကပြိုင်ပွဲ
၈:၀၀	**မနိုင်သောအရှုံး**(ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်)
၈:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၁၅	Business Talk (ဦးမျိုးမြတ်သူ၊ ဦးဌေးဝင်း၊ ဦးဘုန်းခိုင်ဝင်း)
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	အရည်အသွေးကောင်းလို့ စံချိန်မီ မြန်မာ့ကြက်ဆင်ဇာမဏီ
၉:၁၀	မိုးလေဝသခန့်မှန်းချက်
၉:၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ (A သူမြင့်၊ သန္တာအေး)
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	လုပသစ်ဆန်း အလှပြင်ခန်း (Ko Ko Beauty Saloon)
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	ပြည်တွင်းသတင်းအကျဉ်း
၉:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀	မြန်မာ့လက်ဖက်ရဲ့ တွဲဖက်အဖော် ကြက်သွန်မွှမွှကြော်
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၄၀	မြေလွှာကိုဖွင့် ပြည်ကိုမြှင့်အံ့ (အပိုင်း-၁)
၁၀:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၅	အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင် ဒါရိုက်တာများ (မလိခစိုးထိုက်အောင်)
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	သွေးပြန်ကြောအားနည်းရောဂါ အကြောင်း သိကောင်းစရာ (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာ ခင်မောင်အေး)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ဦးစိုးညွန့်-ဒေါ်ဝါဝါ၊ သား မောင်စိုးလင်းထက်၊ မောင်အောင်ငြိမ်းချမ်း မိသားစု 201/C ရွှေဂုံတိုင်တာဝါ ဗဟန်းမြို့နယ် မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) အမှုဆောင် ဆရာတော် ဓမ္မာစရိယ (B.A) အရှင်ကောသလ္လ(မြန်အောင်) ရှေ့မှောက်၌ တာဝန်ခံ ဒေါ်နယ်လီအုန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ဦးတင်မောင်ဦး-ဒေါ်ကြည်ကြည်ဝေနှင့် မောင်နှမများ အမှတ် ၄၁ စဥ့်အိုးတန်းလမ်း လသာမြို့နယ် ရန်ကုန်မြို့ မိသားစုက အလှူတော်ငွေ ကျပ်ခုနစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဒေါ်နယ်လီအုန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဗြိတိန်ပင်လယ်ကမ်းခြေ ရေတိုက်စားမှု နှစ် ၁၀၀ အတွင်း ကုန်းမြေများဆုံးရှုံးဖွယ်ရှိ

ဗြိတိန်နိုင်ငံ နော့သ်ရောက်ရှိုင်းယားကမ်းခြေမှာ အနှစ် ၁၀၀ ကြာသည့်အခါတွင် ပင်လယ်ကမ်းခြေကာကွယ်ရေးစီမံကိန်း လိုအပ်ချက်အရသာလျှင်ကျန်ရှိတော့မည်ဖြစ်သည်ဆို၏။

ကြိုတင်ခန့်မှန်း

လှိုင်းပုတ်ရေတိုက်စားမှုကြောင့် ကုန်းမြေအများအပြား ဆုံးရှုံးရဖွယ်ရှိသည်ဟု စတိုက်သဇ်မှ ဖလက်ဘာရာဟက်အထိရှည်လျားသော ကမ်းခြေစီမံခန့်ခွဲရေး စီမံကိန်းအဖွဲ့က ကြိုတင်ခန့်မှန်းထားသည်။

မြေများဆုံးရှုံးမည်ဖြစ်သည်။ သို့သော် ထိန်းသိမ်းကာကွယ်ရန်မှာ စီးပွားရေးတွက်ခြေမကိုက်သဖြင့် ခက်ခဲလိမ့်မည်ဟု ဆိုသည်။

ယင်းစီမံကိန်းကိုဆွေးနွေးညှိနှိုင်းရန် လူထုအစည်းအဝေးပွဲတစ်ရပ်ကို စကာဘာရာ၌ ကျင်းပမည်ဖြစ်သည်။ (ကိုးကား-အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

တောထဲသို့ပြန်လွှတ်ပေးလိုက်သည့် ပန်ဒါဝက်ဝံ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေနေထိုင်တတ်ပြီ

ဖမ်းဆီးမွေးမြူပြီးနောက် တောထဲသို့ပြန်လွှတ်လိုက်သည့် ပန်ဒါဝက်ဝံမှာ ယခုအခါ ပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေစွာ နေထိုင်သွားလာတတ်ပြီဖြစ်ကြောင်း တရုတ်အရာရှိများက ပြောဆိုသည်။

လွှတ်ပေးခဲ့

ကျင်းကျင်းအမည်ရှိသော ပန်ဒါဝက်ဝံအထီးတစ်ကောင်ကို စီချွမ်ပြည်နယ် ဝိုလောင်ပန်ဒါဝက်ဝံ သုတေသနဌာနမှ ဧပြီလက လွှတ်ပေးလိုက်ခြင်းဖြစ်သည်။ **(ဝဲပုံ)**

လေ့ကျင့်သင်ကြား

ထိုသို့မလွှတ်မီ သဘာဝသက်ရှိတို့နေရာနှင့် လိုက်လျောညီထွေဖြစ်အောင် နေနည်း၊ ထိုင်နည်းကို သုံးနှစ်ကြာ အထူးသင်ကြားပေးခဲ့သည်။ အစာမည်သို့ရှာဖွေရမည်၊ နယ်ပယ်မည်သို့မှတ်သားရမည်ကို လေ့ကျင့်သင်ကြားပေးခဲ့သည်။

ကျင်းကျင်းသည် ဝါးတောအတွင်းမှ ပတ်ဝန်းကျင်သစ်နှင့် တဖြည်းဖြည်းအလိုက်သင့် အလျားသင့် နေထိုင်တတ်လာပြီဖြစ်ကြောင်း ဝိုလောင်ပန်ဒါဝက်ဝံ သုတေသနဌာနမှ ဆရာဝန်မစ္စတာဇန်က ပြောဆိုသည်။

တောရိုင်းဝက်ဝံ

၂၀၀၈ ခုနှစ်တိုင် ကျင်းကျင်းကို ကျွမ်းကျင်သူများက ဆက်လက်စောင့်ကြည့်နေမည်ဟု သိရသည်။ ထို့နောက်ပိုင်းတွင် ကျင်းကျင်းသည် တကယ့်တောရိုင်းပန်ဒါဝက်ဝံတစ်ကောင်ဖြစ်သွားမည်ဟု ဆို၏။ **(ကိုးကား-အင်တာနက်)**

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကလေးငယ်များတွင် ကင်ဆာရောဂါအဖြစ်များ ဆောလျင်စွာ သိရှိလျှင် ကုသပျောက်ကင်းနိုင်ကြောင်း ဗဟုသုတရရှိ

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်မာမာဝေ ကိုယ်အင်္ဂါချို့ယွင်း မသန်စွမ်းသော ကလေးငယ်များအား ထောက်ပံ့ငွေပစ္စည်းနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်စဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

● **ကျောဖုံးမှ**

ထိုလိုအပ်ချက် အခက်အခဲများကို ရန်ကုန် အရှေ့ပိုင်းခရိုင် ၁၄မြို့နယ် အတွင်းရှိ ချို့တဲ့ကျောင်းသားများနှင့် ကိုယ်အင်္ဂါချို့ယွင်းကလေးများအတွက်

ကျန်းမာရေး စစ်ဆေးပေး

ဆရာဝန်ကြီးများက ကလေးငယ် များ အား ကျန်းမာရေး စစ်ဆေးပေးစဉ်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

တော့ အထိုက်အလျောက်အဆင်ပြေမှုရရှိသွားပြီဟု ဆိုနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၏ ကြီးကြပ်မှု၊ အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၏ ကြိုးပမ်းအားထုတ်မှု၊ အလှူရှင်အသီးသီး၏ လှူဒါန်းမှု၊ ဆရာဝန်ကြီးများ၏ စေတနာဖြင့် ကလေးသူငယ်များအား ကင်ဆာရောဂါ စောစီးစွာ ရှာဖွေကုသပေးခြင်း၊ ကိုယ်အင်္ဂါချို့ယွင်း မသန်စွမ်းသော ကလေးများ၊ ချို့တဲ့သောကျောင်းသားများအား ထောက်ပံ့ပေးခြင်းအခမ်းအနားတစ်ရပ်ကို ဇူလိုင် ၁၂ရက် နေ့လယ်ပိုင်းက ရန်ကင်း ပညာရေး ကောလိပ်၌ ကျင်းပခဲ့သည်။

လှူဒါန်းငွေ

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့ တက်ရောက်အားပေးကာ အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံခဲ့သည်။

အခမ်းအနားတွင် လှူဒါန်းကြသည့် အလှူရှင်များနှင့် လှူဒါန်းငွေစာရင်းမှာ Mother Trading Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်က ငွေကျပ် သိန်း ၂၀၊ Golden Lion Wire & Cable Companyမှ ဦးကျော်လွင်၊ ဦးရှောက်စန်းတို့က ငွေကျပ်၁၀သိန်း၊ ILBCမှ ဒါရိုက်တာဦးတင်မောင်ဝင်း၊ B.T.B ကုမ္ပဏီမှ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်၊ Super Seven Star မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ဦးစံလင်း၊ Tin Co., Ltd.မှ ဒေါက်တာမိုးတင်၊ ACEဆောက်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်ဆန်း၊ သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးမှ ဦးချစ်မွေး၊ ရွှေမင်းသား ငံပြာရည် လုပ်ငန်းမှ ဦးစောဝေ၊ ဦးမောင်မောင်သိန်းနှင့် ညီအစ်ကိုများ၊ KSWမော်တော်ယာဉ်ထုတ်လုပ်ရေးမှ ဦးကျော်စိုးဝင်း၊ ဒဂုံတောင်စက်မှုဇုန်(၁) S.G.I အထည်ချုပ် စက်ရုံမှ မန်နေဂျင်း ဒါရိုက်တာဦးမျိုးဝင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများနှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသိန်းဟန်၊ နိုင်ဂရုဆောက်လုပ်ရေး မှ ဦးကျော်နိုင်ဦး၊ Camel International Co., Ltd.မှ ဦးတင်ဦး မိသားစု၊ UPGမှ ဦးသောမတ်နှင့် ရွှေနဂါးမင်းကုမ္ပဏီမှ ဒေါ်မြင့်မြင့်သန်းတို့က ငွေကျပ်ငါးသိန်းစီပေးအပ် လှူဒါန်းခဲ့ကြောင်း တွေ့ရသည်။

ထို့အပြင် ဦးတင့်လွင်မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းပြီး အောင်မေတ္တာကုမ္ပဏီမှ ဦးသိန်းအောင်မိသားစုက ငွေကျပ်ငါးသိန်းတန်ဖိုးရှိ စာရေးကိရိယာများလှူဒါန်းကြောင်း သိရသည်။

"ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ကူညီထောက်ပံ့ပေးသော အလှူရှင်များအား အထူး ကျေးဇူးတင်ပါတယ်" (မဇင်နွယ်အောင် ဆေးတက္ကသိုလ် နောက်ဆုံးနှစ်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထိုအလှူရှင်အသီးသီး၏ လှူဒါန်းငွေများဖြင့် ချို့တဲ့သောကျောင်းသားကျောင်းသူ၅၇ဦးတို့အား ထောက်ပံ့ရာ တက္ကသိုလ်အဆင့်၃၀၊ အထက်တန်းအဆင့် ၁၉ဦးနှင့် အလယ်တန်းအဆင့် ရှစ်ဦးပါဝင်သည်။

ထောက်ပံ့ပေးအပ်

တက္ကသိုလ်အဆင့် တစ်ဦးလျှင် တစ်လကျပ်တစ်သောင်းနှုန်းဖြင့်တစ်နှစ်စာ ငွေကျပ်တစ်သိန်း၊ အထက်တန်းအဆင့် တစ်ဦးလျှင် တစ်လကျပ်ခုနစ်ထောင်နှုန်းဖြင့် တစ်နှစ်စာ ငွေကျပ်ခုနစ်သောင်း၊ အလယ်တန်းအဆင့် တစ်ဦးလျှင်တစ်လကျပ်ငါးထောင်နှုန်းဖြင့် တစ်နှစ်စာ ငွေကျပ်ငါးသောင်း ထောက်ပံ့ပေးအပ်ကြောင်းသိရသည်။

ထို့အပြင် ကိုယ်အင်္ဂါချို့ယွင်းသော ကလေးသူငယ် ၄၈ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းထောက်ပံ့ပေးသည်။

ကိုယ်အင်္ဂါချို့ယွင်း၍ လမ်းမလျှောက်နိုင်သည့် ကလေးများအား ဘီးတပ်ကုလားထိုင်များ၊ ခြေတစ်ဖက်ဆုံးရှုံးခြင်း၊ မသန်စွမ်း ကလေးများအား ချိုင်းထောက်အစရှိသည်တို့ကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

စမ်းသပ်စစ်ဆေးခြင်း

တစ်ဖန် ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်း ၁၄မြို့နယ်မှ ကိုယ်အင်္ဂါချို့တဲ့ ကျောင်းသား၊ ကျောင်းသူ ၃၉ဦး အား သက်ဆိုင်ရာရောဂါများအလိုက် အထူးကုဆရာဝန်ကြီးများက စမ်းသပ်စစ်ဆေးခြင်း၊ လိုအပ်သည့် ကုသပေးခြင်းများကိုလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် သွေးကင်ဆာရောဂါ ခံစားနေရသော ကလေးလူနာ ၁၆ဦးအားလည်းတစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



လက်နှစ်ဖက်မပါ ခြေထောက်ဖြင့် စာရေးနေသော ဒဂုံဆိပ်ကမ်း အထက(၂) မှ စတုတ္ထတန်းကျောင်းသား မောင်ဖွဲ့ရန်နိုင်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့နှင့် အလှူရှင်များက ယခုလို သားသမီး ရင်းချာများကဲ့သို့ ကူညီထောက်ပံ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဝမ်းနည်းဝမ်းသာ ဖြစ်ရပါတယ်"

(မောင်အောင်ကျော်ဖြိုး ဒေါပုံမြို့နယ်မှ တက္ကသိုလ်ဝင်တန်းကျောင်းသား)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဆေးပဒေသာပင်

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြောက်ဥက္ကလာပ ဆေးရုံကြီးသို့ ကလေးသူငယ် ကင်ဆာရောဂါရှာဖွေခြင်းနှင့် ကုသရေးလုပ်ငန်း ဆောင်ရွက်ရန် ဆေးပဒေသာပင်အဖြစ် ငွေကျပ် ၁၁သိန်းကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

လောကဓံကိုကြံ့ကြံ့ခံ

ထိုသို့ လှူဒါန်းထောက်ပံ့ပေးခြင်းအတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်မှ စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား မောင်ဆန်းလင်းအောင်က ကျေးဇူးတင်စကားပြောကြားရာ "မိမိမှာ မွေးကတည်းက ညာလက်မပါခဲ့ကြောင်း၊ သို့သော် လည်း လောကဓံကို ကြံ့ကြံ့ခံကာ ဘဝကို ရုန်းကန်ခဲ့ရပြီး အစ်မဖြစ်သူကို ဘွဲ့ရအောင် လုပ်ပေးခဲ့ရကြောင်း၊ ထို့အပြင် ညီမ ဖြစ်သူနှင့်အတူ မိမိတို့နောက်ဆုံးနှစ် စီးပွားရေးတက္ကသိုလ် တက်နေပြီဖြစ်ကြောင်း၊ ဘဝမှာ မသန်စွမ်းသော်လည်း နိုင်ငံချစ်စိတ်ဖြင့် မဆုတ်မနစ် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သားသမီးရင်းချာပမာ ကူညီထောက်ပံ့သည့်အတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း" ဝမ်းနည်း ဝမ်းသာဖြင့် ပြောကြားသည်။

အခမ်းအနားတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ အက်စ်ကျော်လှက ကလေးသူငယ်များနှင့် ပတ်သက်ပြီး ကင်ဆာဖြစ်ပွားခြင်းကို ရှင်းလင်းတင်ပြသည်။ ကင်ဆာရောဂါသည် လူကြီးများတွင်သာ ဖြစ်တတ်သည်ဟု အသိများကြကြောင်း၊ အမှန်မှာ ကလေးများတွင်လည်း ကင်ဆာဖြစ်တတ်ကြောင်း၊ များသောအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကလေးငယ်များတွင် အဖြစ်များကြောင်း၊ ကင်ဆာရောဂါကို ဆောလျင်စွာ သိရှိပါက ကုသပျောက်ကင်းနိုင်ကြောင်း ဗဟုသုတ ဖြစ်ဖွယ် ပြောကြားသည်။

အဆိုပြုလွှာ

အဆိုပါ အခမ်းအနားနှင့် တစ်ဆက်တည်းပင် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေရင်က ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံသို့ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာ တစ်သောင်းပေးအပ်ခဲ့ကြောင်းလည်း သိရသည်။

သာယာလှပ

သို့ဖြစ်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်၁၄မြို့နယ်မှ ချို့တဲ့သော ကျောင်းသား ကျောင်းသူများ ကိုယ်အင်္ဂါချို့တဲ့ ကျောင်းသား ကျောင်းသူများသည် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၏ ကြီးကြပ်မှု၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ကြိုးပမ်းအားထုတ်မှုနှင့် အလှူရှင်အသီးသီး၏ လှူဒါန်းထောက်ပံ့ပေးမှုကြောင့် ပညာ၊ ကျန်းမာ လူမှုဘဝသာယာလှပကာ အနာဂတ် လူချွန်လူကောင်းများဖြစ်ရေး ကြိုးစားနိုင်တော့မည် ဖြစ်ပါကြောင်း သတင်းမြင်ကွင်း ရေးသား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသော ကျောင်းသုံး စာရေးကိရိယာများနှင့် မသန်စွမ်း အထောက်အကူပြု ပစ္စည်းများကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နိုင်ငံတော်က ငွေကြေးများစွာသုံးစွဲပြီး စေတနာအပြည့်အဝဖြင့်တည်ဆောက်ပေးထားသည့် ဆည်ကန်များကို ရေရှည်တည်တံ့ခိုင်မြဲအောင်၊ သားစဉ်မြေးဆက် အကျိုးရှိစွာအသုံးပြုနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်

■ *ရွှေဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် လယ်ဝေးမြို့နယ် အတွင်းမှာရှိသည့် တောင်သူလယ်သမားကြီးများအတွက် လယ်မြေဧက ၈၀၀၀ကို စိုက်ပျိုးရေ ထုတ်လွှတ်ပေးနိုင်မည့် ချောင်းမငယ်ရေလှောင်တမံကို ယနေ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ပြီ ဖြစ်ခြင်းကြောင့် ဤနေ့ ဤရက်သည် ဒေသခံ ပြည်သူများအတွက် ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည့် နေ့ တစ်နေ့ပင်ဖြစ်ကြောင်း။

တန်ဖိုးထားထိန်းသိမ်း

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူလူထု၏ အကျိုးစီးပွား ကို မျက်ခြည်အပြတ်မခံဘဲ အမြဲထာဝရ တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးလျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းမျှမျှ တတ ဖြစ်အောင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော် တည် ငြိမ်အေးချမ်းလာသည်နှင့်အမျှ စီးပွားရေးအခြေအနေကောင်းများကို ဖန်တီး ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် လူမှုစီးပွားရေးဘဝများ တိုးတက်မြင့်မားလာပြီး စီးပွားရေးနှင့်လူမှုရေးကိစ္စအဝဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံမရှိမဖြစ် လို အပ်သော လမ်း၊ တံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လူသားတစ်ရပ်လုံးအတွက် အရေးကြီးဆုံးသော စားရေးကိစ္စအတွက် ရိက္ခာထုတ်လုပ်ခြင်း၊ ဝတ်ရေးအတွက် ဝါဂွမ်းအစရှိသော ပစ္စည်းများ ထုတ် လုပ်ခြင်းတို့ကို စိုက်ပျိုးရေးမှ ရရှိခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့ စိုက်ပျိုးရာတွင် ရေသည် မရှိမဖြစ်လိုအပ်ပြီး ရေလိုအပ်ချိန်မှာ လုံလောက်စွာရရှိရေးသည် အရေးကြီးလှကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေ ရရှိရေးလုပ်ငန်းများနှင့်ကန်ငယ်ချောင်းငယ်များကို နိုင်ငံအနှံ့၊ ဒေသအနှံ့အစီ အစဉ်ရှိရှိ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်အနေဖြင့် ယခုဖွင့်လှစ်မှုသည် ၁၈၇ခုမြောက် ရေလှောင်တမံဖြစ်ကြောင်း၊ ရှေ့လည်း ဆက်လက်တည်ဆောက် သွားမှာဖြစ်ကြောင်း။

အကျိုးစီးပွားမြင့်မား

မိမိတို့ရရှိထားပြီးသောမြေနှင့် ရလာမည့်ရေကို ပေါင်းစပ်ပြီး စိုက်ဧက တိုးချဲ့ခြင်း၊ သီးနှံစိုက်စွမ်းအား မြှင့်တင်ခြင်း၊ အထွက်နှုန်းကောင်းစေခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားကြီးများနှင့်မိသားစုများ၏ အကျိုး စီးပွားမြင့်မားစေခြင်း၊ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေခြင်းအပြင် လူသား အားလုံးအတွက် ရိက္ခာဖူလုံစေခြင်းများကို ဖော်ဆောင်ပေးနိုင်မှာဖြစ်ကြောင်း။

လယ်သမားကြီးများ စိုက်ပျိုးထုတ်လုပ်သူများကလည်း မျိုးကောင်းမျိုးသန့် များကို ကောင်းအောင်ပြုပြင်ထားသည့်မြေတွင် စိုက်နည်းစနစ် မှန်ကန်စွာဖြင့် ရာသီမှန်စိုက်ပျိုးကာ ဆည်ရေကို လိုသလိုမှန်ကန်စွာအသုံးပြုခြင်းဖြင့် သီးနှံများ အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းမွန်မြင့်မားလာမှာဖြစ်၍ အတ္တ အကျိုး၊ ပရအကျိုးပြုနိုင်မည့် နိုင်ငံ့သားကောင်းများအဖြစ် ရပ်တည်လာ ကြမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဦးဆောင်ပံ့ပိုးကူညီမှုကြောင့် ယခုအခါ ဈေးကောင်းရ အမယ်သစ်သီးနှံများကို စိုက်ပျိုးနိုင်ခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပြည်သူများ၏ စီးပွားရေးနှင့်နိုင်ငံ့စီးပွားရေး မြှင့်တင်ရာ တွင် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးကို မှန်ကန်သော ဦးတည်ချက်ဖြင့် ဆောင်ရွက်လျက်ရှိရာမှ ထွက်ရှိလာသော လယ်ယာထွက် ကုန်များကို ဈေးကွက်သို့ မှန်ကန်စွာ ရောက်ရှိစေခြင်းဖြင့် ပို့ဆောင်ရေးကဏ္ဍ နှင့်ကုန်သွယ်ရေးကဏ္ဍများတွင်ပါ တိုးတက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများတွင်လည်း တစ်နေ့တခြားတိုးတက် ကောင်းမွန်လာသဖြင့် နိုင်ငံတော်စီးပွားရေးကဏ္ဍလည်း မြင့်မားလာလျက် ရှိကြောင်း။

မြင့်မားတိုးတက်လာ

စီးပွားရေးကောင်းမွန်လာ၍ ပညာရေး၊ ကျန်းမာရေးစသော လူမှုရေး လုပ်ငန်းများအတွက်လည်း နိုင်ငံတော်က ထူးထူးခြားခြား ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ ပြည်သူလူထုမှလည်း ပါဝင်ဆောင်ရွက်မှုရှိကြသဖြင့် မြန်မာနိုင်ငံ၏ လူမှုရေးဘဝလည်း မြင့်မားတိုးတက်လာလျက်ရှိကြောင်း၊ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက ပြည်သူများကို ဖန်တီး ပေးနေသည်မှာ–

- တည်ဆောက်ရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများတွင် အရေးပါလှသည့် လမ်း၊ တံတားများကို ကျေးလက်မှ မြို့နှင့် မြို့ကြီးများအထိ ဆက်သွယ်သော လမ်းနှင့် တံတားများတည်ဆောက် ပေးခြင်း။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ရှိအောင်၊ တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ပေးနေခြင်း။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ပြန်လည်ရရှိစေခြင်းမှ ရလဒ်ကောင်းများကို တိုင်းရင်းသား၊ ပြည်သူပြည်သားများအားလုံး နေရာအနှံ့ ရရှိခံစားနေရခြင်းတို့ ဖြစ်ကြောင်း။

ဝမ်းမြောက်ဝမ်းသာကြိုဆို

အတိတ်က သွေးခွဲခံခဲ့ရ၍ လက်နက်စွဲကိုင်ခဲ့သည့် ညီအစ်ကိုတိုင်းရင်းသား အဖွဲ့များသည် ယနေ့အခါ အားလုံးနီးပါးလိုလို ဥပဒေဘောင်အတွင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များ ဒေသခံပြည်သူများ ချောင်းမငယ် ရေလှောင်တမံဖွင့်ပွဲတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ရောက်ရှိခဲ့ကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မွန်မြတ်သော စေတနာနှင့် နိုင်ငံသားအားလုံးနှင့် ပြည်ထောင်စုကြီးအတွက် ဆောင်ရွက်လျက်ရှိသည့် ဆောင် ရွက်မှုများသည် မှန်ကန်သော လုပ်ရပ်များကြောင့် ရက်ပိုင်းအတွင်းကပင် ဥပဒေဘောင်အတွင်း ရောက်ရှိလာသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ် အဆင့်ရှိ တပ်မဟာ ၇၅၈ တပ် မဟာမှူး မိန်းစင်နှင့် အင်အားစုကြီးတစ်ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ရောက် ရှိလာခြင်းကို ပြည်သူများ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုဂုဏ်ပြုသည့် သတင်း ကောင်းများကို အားလုံးကြားသိခဲ့ကြမှာဖြစ်ကြောင်း။

အမှာစကားပြောကြား

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့်လည်းကောင်း၊ တပ်မတော်အစိုးရအနေဖြင့်လည်း ကောင်း၊ တပ်မတော်အနေဖြင့်လည်းကောင်း ပြည်သူများ၏အကျိုးစီးပွားအတွက် ယခင်ကလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလည်း ဆောင်ရွက်နေကြောင်း၊ အနာဂတ်အတွက်လည်း ကြိုတင်လမ်းခင်း ပေးထားပြီး ဖြစ်ကြောင်း၊ တစ်နည်း အားဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို အတိမ်းအစောင်းမခံလျက် ထာဝစဉ်စောင့်ရှောက်ထိန်းသိမ်းနိုင် စေရေးအတွက် ယခင်ကြုံတွေ့ခဲ့ရသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်များကိုသင်ခန်းစာယူပြီး ပြည်သူများလိုလားတောင့်တ နေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝ သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်နေခြင်းသည် ယနေ့နှင့် အနာဂတ် ပြည်သူများအတွက် ဖြစ်ကြောင်း၊ ပြည်သူများရရှိနေသည့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို မှန်ကန်စွာအသုံးချနိုင်ရန် "နိုင်ငံတည်ငြိမ်အေးချမ်း ရေးနှင့်တရားဥပဒေစိုးမိုးရေး၊ အခြေခံစီးပွားရေး လူတိုင်းတောင့်တင်း ခိုင်မာ စေရန်နှင့် အမှားအမှန် ခွဲခြားနိုင်သော ဉာဏ်ပညာရရှိစေရေး"အတွက်လည်း နိုင်ငံတော်အစိုးရက ဦးဆောင်ဦးရွက် ဆောင်ရွက်ပေးလျက်ရှိသည်ကို ပြည်သူ တစ်ရပ်လုံးက ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့တပ်မတော် အစိုးရသည် ဘက်စုံ ကဏ္ဍစုံတွင် အသစ်အသစ်များ တည်ဆောက်နေသကဲ့သို့ အဟောင်းများကိုလည်း မြှင့်တင်လျက်ရှိကြောင်း။

လူတစ်ဦးချင်းဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် လူတစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်မှုအပေါ် တွင် တည်ကြောင်း၊ လူတစ်ဦးချင်းမှ အိမ်ထောင်တစ်ခု၊ အိမ်ထောင်များမှ ကျေးရွာ၊ ရပ်ကွက်၊ မြို့၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ နိုင်ငံတော် ဖြစ်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် လူတစ်ဦးချင်း တိုးတက်ရန်အဓိကလိုကြောင်း၊ လူတိုင်း တိုးတက်ဖွံ့ဖြိုးရန်အတွက် အချိန်ကို လေးစားတန်ဖိုးထား ဆောင်ရွက် တတ်ဖို့၊ စည်းကမ်းရှိဖို့၊ အလုပ်ကို ကြိုးကြိုးစားစားလုပ်ဖို့၊ အလုပ်လုပ်ရာ တွင် နည်းပညာကောင်းများဖြင့် လုပ်ဆောင်တတ်ဖို့နဲ့ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတော်ကြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ထို့အတူ နိုင်ငံတော်ကို ချစ်တတ်သူများအနေဖြင့် ကိုယ့်လုပ်ငန်းတာဝန် ကို ကျေပွန်အောင်လုပ်ခြင်းဖြင့် ဂုဏ်ယူတတ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံ့သားကောင်းများအဖြစ် ဂုဏ်ယူနိုင်ကြပါစေဟု ဤနေရာမှ တိုက်တွန်း ဆန္ဒပြုလိုက်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူ ကြည်ဖြူစွာလက်တွဲ ပြီး ကိုယ့်ဝန်၊ ကိုယ့်တာ ကျေပွန်စေရအောင် တက်ညီလက်ညီကြိုးပမ်းဆောင် ရွက်ကြသည်နှင့်အမျှ အမိနိုင်ငံတော်ကြီးသည်လည်း ကြုံတွေ့ခဲ့ရသော တား ဆီးပိတ်ဆို့မှု၊ နှောင့်ယှက်ဟန့်တားမှု၊ အဖျက်အမှောင့် လုပ်ငန်း အဖုံဖုံကို ကျော်လွှားပြီး တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာမှာအမှန်ပင်ဖြစ်ကြောင်း။

ထိထိရောက်ရောက်အသုံးချ

ယနေ့အချိန်အခါသည် လယ်ဝေးမြို့နယ် အပါအဝင် ပတ်ဝန်းကျင် ဒေသများသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား အခြေစိုက်ရာ အချက်အချာ ဒေသဖြစ်လာပြီဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လျော်ညီသည့် နိုင်ငံ့မြို့တော် နေပြည်တော်ဖြစ်လာသည်နှင့်အညီ၊ ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးအခြေခံများသည်လည်း ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ မလွဲမသွေ တိုးတက်မြင့်မားလာမှာ အမှန်ပင်ဖြစ် ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများကလည်း ဖန်တီးပေးလာသည့် အခွင့်အလမ်းကောင်းများ၊ ရရှိလာသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း များကို တန်ဖိုးထားပြီး ဒေသအကျိုးအတွက် ထိထိရောက်ရောက် အသုံးပြု သွားကြဖို့၊ ကြိုးစားအားထုတ်သွားကြဖို့ မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ဤဆည်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပေးကြပါ။**
- **ရေဝေ၊ ရေလဲကောင်းရန်လည်း ဝိုင်းဝန်းကူညီစောင့်ရှောက်ကြပါ။**
- **ဆည်ရေကို စနစ်တကျအသုံးပြုကြပါ။**
- **ဆည်ရေကိုစနစ်တကျအသုံးပြုပြီး မိမိတို့ စိုက်ပျိုးထုတ်လုပ်လိုက်သည့် သီးနှံများပန်းတိုင်အထွက်ရရှိရေးနှင့် သီးထပ်စွမ်းအား မြင့်မားစေပြီး နိုင်ငံ့ဂုဏ်ဆောင် လယ်သမားကြီးများအဖြစ် ဆောင်ရွက်နိုင်ကြပါစေ။**
- **ရရှိထားသော နိုင်ငံတော်တည်ငြိမ်မှု၊ ပြန်လည်ရရှိထားသော အမျိုးသား စည်းလုံးညီညွတ်မှုတို့ဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူ့ စွမ်းအားဖြင့် မိမိအတွက်၊ မိမိတို့ဒေသအတွက်၊ မိမိနိုင်ငံတော် အကျိုးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သော ချောင်းမငယ်ရေလှောင် တမံသည် နိုင်ငံတော်အနေဖြင့် ၁၉၈၈ ခုနှစ်က စတင်တည်ဆောက်ခဲ့သည့် ဆည်မြောင်းစီမံကိန်းများ၏ ၁၈၇ ခုမြောက် စီမံကိန်းဖြစ်သကဲ့သို့ နေပြည် တော်တိုင်းအတွင်း၌ တည်ဆောက်ပြီးစီးခဲ့သော စီမံကိန်းများအနက် ၁၀ ခု မြောက် စီမံကိန်းဖြစ်ပါကြောင်း။

ထုတ်ယူသုံးစွဲနိုင်

ချောင်းမငယ်ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားသည့် အတွက် လယ်ဝေးမြို့နယ်၌ လယ်မြေဧက ၈၀၀၀ ကို ဆည်ရေပေးသွင်းစိုက်ပျိုးနိုင်မှာဖြစ် သကဲ့သို့ ရေအားလျှပ်စစ်ဓာတ်အား ကီလိုဝပ် ၅၀ ထုတ်ယူသုံးစွဲနိုင်တော့မည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ချောင်းမငယ် ရေလှောင်တမံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အချိုးအစားအားဖြင့် ၄၁ ရာခိုင်နှုန်း ပါဝင်ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ နိုင်ငံသားအများစုဖြစ်သည့် ကျေးလက်နေပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးမြင့်မားစေရန်၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာမှုအပေါ်အခြေခံပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းလာစေရန်၊ လက်တွေ့ကျသည့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏အကျိုးကို ရှေးရှုပြီး အဓိကကျသည့် သီးနှံ ၁၀ မျိုး၏ အထွက်နှုန်းများတိုးတက်လာစေရန် ပန်းတိုင်အထွက်နှုန်းများသတ်မှတ်ပြီး ဆောင်ရွက်နေသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ တောင် အချိန်မှာ ဧက၄၆ဒသမ၁သန်းအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေ ရရှိရေးအတွက်လည်း နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆည်ရေသောက် ဧက နှစ်သန်းခြောက်သိန်းကျော် တိုးတက်လာအောင် ယခု ချောင်းမငယ်ရေလှောင်တမံအပါအဝင် ဆည်မြောင်းတာတမံစီမံကိန်း ၁၈၇ခုနှင့် မြစ်ရေတင်စီမံကိန်း ၂၉၃ခု တိုးတက်တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်သည့်အတွက် သီးနှံစိုက်စွမ်းအားမှာ ယခင်က ၁၁၉ဒသမ ၆ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၁၅၇ဒသမ၁ရာခိုင်နှုန်းအထိ တိုးတက်လာပြီဖြစ်ကြောင်း၊ အဓိက သီးနှံဖြစ်သည့် စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ၁၉၈၈-၈၉ခုနှစ်မှာ စပါးအထွက် တင်း ၆၅၃သန်းရှိရာမှ ၂၀၀၅-၂၀၀၆ ခုနှစ်မှာ စပါးတင်းပေါင်းသန်း ၁၃၆၀အထိ တိုးတက်ထုတ်လုပ်လာနိုင်ပြီ ဖြစ်ကြောင်း။

ဆင်းသွယ်လတ်စပါး

ယခုအချိန်မှာ စပါးမျိုးသစ်များ ပြောင်းလဲစိုက်ပျိုးမှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်မှာ အရည်အသွေးကောင်းပြီး တင်း ၁၂၀ကျော် ထွက်ရှိနိုင်သည့် ဆင်းသွယ်လတ်စပါးမျိုးကို ဧက တစ်သန်းတစ်သိန်းလေးသောင်းကျော် မျိုးပြောင်းလဲစိုက်ပျိုးရေးကို ဆောင်ရွက်ထားပါကြောင်း။

စာမျက်နှာ ၇ မှ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို အဓိကထားရသည့်နိုင်ငံဖြစ်ပါကြောင်း၊ အထူးသဖြင့် မိုးရွာသွန်းမှုနှင့်ရေရရှိမှုကောင်းလျှင် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်ပြီး မိုးရွာသွန်းမှု၊ ရေရရှိမှုမကောင်းသောကာလများ၌ စိုက်ပျိုးရေးထွက်ကုန်များ လျော့နည်းကျဆင်းတတ်သည့် သဘာဝပင်ဖြစ်ပါကြောင်း။

တိုးတက်စိုက်ပျိုးနိုင်

မိမိတို့နိုင်ငံ၏ ရေပေးသွင်းစိုက်ပျိုးနိုင်သည့်ဧရိယာအချိုးအစားမှာ ၁၉၈၈ ခုနှစ်မှာ ၁၂ဒသမ၇ရာခိုင်နှုန်းခန့်ရှိရာမှ ၂၀၀၆ခုနှစ်တွင် ၂၄ဒသမ၀ရာခိုင်နှုန်း တိုးတက်လာပြီဖြစ်ပါကြောင်း၊ ဆည်ရေရရှိမှုကြောင့် သီးထပ်စိုက်ဧရိယာများ တိုးချဲ့စိုက်ပျိုးပြီး ကိန်းဂဏန်းအရဖော်ပြရလျှင် ၁၉၈၈ခုနှစ် သီးထပ်ဧရိယာ ၃ဒသမ၄၅သန်းဧကသာရှိရာမှ ၂၀၀၅ခုနှစ်တွင် သီးထပ်ဧရိယာဧက၁၀ဒသမ ၀၉သန်းအထိ တိုးတက်စိုက်ပျိုးနိုင်ပြီဖြစ်ပါကြောင်း။

လယ်ဝေးမြို့နယ်၌ ၁၉၉၈ခုနှစ်မတိုင်မီက ဆည်၊ကန်လုပ်ငန်းပေါင်း ရှစ်ခုရှိခဲ့ပြီး လယ်မြေဧရိယာ၂၀၇၂၆ဧကကို ဆည်ရေဖြင့်စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ၁၉၉၈ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်က လယ်ဝေးမြို့နယ်အတွင်း၌ ယနေ့ဖွင့်လှစ်လိုက်သည့် ချောင်းမငယ်ရေလှောင်တမံအပါအဝင် ဆည်မြောင်းစီမံကိန်း လေးခုကိုဆောင်ရွက်ပေးခဲ့သည့်အတွက် ဆည်ရေသောက်ဧရိယာဧက၁၆၄၀၀ အသစ်ပေါ်ထွက်လာပြီဖြစ်ပါကြောင်း။

နေပြည်တော်တိုင်းအတွင်း၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဒေသစိမ်းလန်းစိုပြည်ရေး၊ ရေအားလျှပ်စစ်ရရှိရေးအတွက် ဆည်မြောင်းစီမံကိန်းများကို စနစ်တကျ စီမံဆောင်ရွက်ပေးနေမှုကိုလည်း နေပြည်တော်တိုင်းအတွင်းရှိ ဒေသခံပြည်သူ လူထုများ၏ကိုယ်စား နိုင်ငံတော်အကြီးအကဲများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုများစွာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း။

ဆက်လက်ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်က ငွေကြေးအမြောက်အမြားသုံးစွဲပြီး စေတနာအပြည့်အဝဖြင့် စီမံတည်ဆောက်ပေးထားသည့် ဆည်၊ ကန်များကို ရေရှည်တည်တံ့ခိုင်မြဲအောင် သားစဉ်မြေးဆက် အကျိုးရှိစွာ အသုံးပြုနိုင်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြဖို့၊ ဆည်ရေကို အလေအလွင့်မရှိအောင် စနစ်တကျ အသုံးချကြဖို့၊ ရေဝေရေလဲဧရိယာအတွင်းရှိ သစ်တောသစ်ပင်များ ထာဝစဉ်တည်ရှိနေအောင် ဝိုင်းဝန်းစောင့်ရှောက်ကြဖို့၊ ဆည်ရေကို အသုံးပြုပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားသည်။

စဉ်ဆက်မပြတ်ဆောင်ရွက်

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေ၊ မြေ၊ ရာသီဥတုသဘာဝနှင့် ပြည့်စုံကြွယ်ဝသော နိုင်ငံဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် အခြေခံအကျဆုံး ကဏ္ဍကြီး ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ စီးပွားရေးမှာ လယ်ယာကဏ္ဍသည် သူများအကျိုးရှိစေသည့် မျိုးသစ်များပြောင်းလဲစိုက်ပျိုးရေး၊ နည်းပညာဖြန့်ဖြူးရေး၊ ပိုးမွှားရောဂါကာကွယ်ရေး၊ သဘာဝမြေဩဇာ အသုံးပြုရေးအတွက်ကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးအတွက် အဓိကကျသည့် လိုအပ်ချက်တစ်ခုဖြစ်သော စိုက်ပျိုးရေရရှိရေးကိုလည်း ဆောင်ရွက်ပေးနေသည့်အပြင် သီးထပ်စိုက်ပျိုးရာမှာ သီးနှံတစ်ခုနှင့်တစ်ခုကြား အချိန်လုံလောက်စွာရရှိစေရန် စက်များ၏စွမ်းအားကို အသုံးချနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ဈေးကွက်ဝင်သည့် အမယ်သစ်သီးနှံတွေဖြစ်သော ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ငရုတ်ကောင်း စသည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာသီသီးနှံဖြစ်သည့် ကြက်သွန်၊ ချင်း၊ နနွင်း၊ အာလူး၊ မင်းသော်စသည့် သီးနှံများကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေး ကူညီပေးလျက်ရှိပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဖိုးတန်သီးနှံ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအပေါ် နိုင်ငံတစ်ဝန်းလုံး လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးနေပြီဖြစ်သည့် ခြစ်ဆီးရိုးကြက်ဆူပင်သည် နိုင်ငံတော်၏ လောင်စာစွမ်းအင်အတွက် ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း အထောက်အကူဖြစ်စေသည့် သဘာဝကပေးသော အဖိုးတန်သီးနှံဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းကလည်း စိုက်ပျိုးထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပြီး ဈေးကွက်ရှိသည့် သီးနှံဖြစ်ပါကြောင်း၊ စိုက်ပျိုးသူများနှင့် နိုင်ငံတော်အတွက် ကိုယ်တိုင်ထုတ်လုပ်အသုံးပြုနိုင်ရုံသာမက ဝင်ငွေရရှိနိုင်သည့် အမယ်သစ်သီးနှံဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း ဒေသမရွေး၊ မြေအမျိုးအစားမရွေးဖြစ်ထွန်းနိုင်သော နှစ်ရှည်သီးနှံဖြစ်သည့်အတွက် တစ်ပိုင်တစ်နိုင် စိုက်ခင်းများ၊ စီးပွားဖြစ် စိုက်ခင်းများဖြင့် မိမိတို့အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အဘက်ဘက်က ကြိုးပမ်းလုပ်ကိုင်ခဲ့မှုကြောင့် တစ်နိုင်ငံလုံး၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှာ ၁၉၈၈- ၈၉ခုနှစ်မှာ စုစုပေါင်း စိုက်ပျိုးဧက ၂၃ဒသမ၈သန်းရှိခဲ့ရာမှ ယခုကဲ့သို့ နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုမှာ အဓိကကျသည့် စိုက်ပျိုးရေ ရရှိရန်အတွက်လည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေလှောင်တမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင်၊ မြေအောက်ရေရရှိရေး စီမံကိန်းလုပ်ငန်းများကို ငွေကြေးအင်အား၊ လူအင်အား မိမိတို့နိုင်ငံသားများ၏ အတတ်ပညာစွမ်းပကားဖြင့် အချိန်တိုကာလအတွင်း အလျင်အမြန် အကျိုးဖြစ်ထွန်းခံစားနိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အကျိုးဖြစ်ထွန်း

ပြည်နယ်၊ တိုင်းများအတွင်း တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ရေလှောင်တမံများ၏ ရေဝေရေလဲဒေသများတွင် သစ်တောများပြန်လည်ပြုစုပျိုးထောင်ရေး အစီအမံဖြင့် စိုက်ခင်းများတည်ထောင်ခြင်းနှင့် သဘာဝတောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနက ဆောင်ရွက်နေသည်နှင့်အညီ မြေဆီလွှာပြုန်းတီးမှုများကိုကာကွယ်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အကျိုးဖြစ်ထွန်းစေပါကြောင်း။

ရေလှောင်တမံများ ရေထိန်းတံခါး စီမံကိန်းများ၏ ရေထိန်းနိုင်မှုကြောင့် မိုးကာလ မိုးရွာသွန်းမှုများသည် ဒေသများ၏ ဆက်သွယ်ရေးလမ်းများဖြစ်သည့် ကားလမ်းနှင့် ရထားလမ်းများ ရေတိုက်စားမှု၊ မြို့ရွာနှင့် လယ်ယာမြေများ ရေလွှမ်းမှု၊ ချောင်းမြောင်းများ သဲနုန်းပို့မှုတို့ကို ကာကွယ်ပေးသွားနိုင်ပြီဖြစ်ကြောင်း။

ထို့အပြင် ရေလှောင်တမံများအတွင်း ရေပြင်အကျယ်အလိုက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ငါးမျိုးများ စိုက်ထည့်ပေးနေမှုကြောင့် ဒေသနေ ပြည်သူများ၏ စားသုံးမှုကိုလည်း တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းရရှိစေပြီး ကျေးလက်ပြည်သူများ၏ စီးပွားရေးကို အထောက်အကူပြုနေပြီဖြစ်ပါကြောင်း။

ယခုကဲ့သို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်မှုကို မျှော်မှန်းပြီး နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်ကို ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာမှာ ယခု ချောင်းမငယ်ရေလှောင်တမံသည် တပ်မတော် အစိုးရလက်ထက် ၁၈၇ ခုမြောက် ရေလှောင်တမံ စီမံကိန်းအဖြစ် တည်ရှိလာခြင်းဖြစ်ကြောင်း၊ ပဲခူးရိုးမ အရှေ့ခြမ်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျဉ်းမနား၊ လယ်ဝေးဒေသ တည်ဆောက်ခဲ့သည့် ဆည်အစုအဖွဲ့ ၁၅ ခုနှင့် ဒေသဆည်ငယ်များပေါင်းစပ်ပြီး ဤဒေသ၏ စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း။

တိုးတက်စိုက်ပျိုးနိုင်

ယခု ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားသည့်အတွက် မိုးစပါးကို ဧက ၅၂၀၀ အထိ တိုးတက်စိုက်ပျိုးနိုင်မှာဖြစ်ကြောင်း၊ မိုးနှမ်း၊ မိုးမြေပဲ၊ ဖူးစားပြောင်းသီးနှံများ စိုက်ပျိုးမှု အပါအဝင် ဧက ၇၂၀၀ ခန့်တွင် လိုအပ်သည့် စိုက်ပျိုးရေဖြည့်စွက်ပေးပြီး အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်မှာဖြစ်ကြောင်း၊ ဒုတိယတစ်သီး မတ်ပဲ ဧက ၅၂၀၀၊ ဆောင်းနှမ်းဧက ၉၀၀ ကျော်နှင့် ဆောင်းမြေပဲ ဧက ၁၀၀၀ ကျော် စုစုပေါင်း ဧက ၇၂၀၀ ခန့်ကို ဆည်ရေပေးပြီး စိုက်ပျိုးနိုင်တော့မှာဖြစ်ကြောင်း၊ ထို့အပြင် နွေစပါးဧကကိုလည်း

တတိယ တစ်သီးအဖြစ် ဧက၈၀၀ကျော်ရအောင် သီးနှံပုံစံများ ချမှတ်ပြီး ရေသွင်းစိုက်ပျိုးနိုင်တော့မှာဖြစ်သည့်အတွက် စုစုပေါင်းသီးနှံစိုက်ဧက ၁၅၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်မှာဖြစ်ကြောင်း၊ သီးနှံစိုက်စွမ်းအားမှာလည်း ၂၁၁ဒသမ၄၁ ရာခိုင်နှုန်းအထိ မြင့်မားလာမှာဖြစ်ပါကြောင်း၊ ရေသွင်းစိုက်ပျိုးနိုင်သည့် အခွင့်အလမ်းကောင်း ရရှိလာပြီဖြစ်သည့်အတွက် တစ်ဧက၏ အထွက်နှုန်းမှာလည်း တိုးမြှင့်ရရှိလာတော့မှာဖြစ်ကြောင်း။

ရေလှောင်တမံကထုတ်လွှတ်သည့်ရေဖြင့် ကီလိုဝပ်၅၀ထုတ်လွှတ်နိုင်သည့် ရေအားလျှပ်စစ်စက်တပ်ဆင်ပေးမှာဖြစ်သည့်အတွက် ပတ်ဝန်းကျင်၌ လျှပ်စစ်ဓာတ်အားအသုံးပြုလာနိုင်တော့မှာဖြစ်ကြောင်း။

အားပေးကူညီဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယခုဖွင့်လှစ်ပေးလိုက်သည့် ရေလှောင်တမံကြီးသည် ဒေသခံနယ်မြေလူထုအတွက် သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းစေရန်အတွက် နိုင်ငံတော်ကစစ်မှန်သည့်စေတနာဖြင့် လက်တွေ့အကောင်အထည်ဖော်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည့်အတွက် ဤရေလှောင် တမံက ဖြန့်ဖြူးပေးမည့်ရေကိုလည်း စနစ်တကျခွဲဝေအသုံးပြုနိုင်ရေးအတွက် လည်း ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း ဒေသခံတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်အတွက် မျိုးပြောင်းလဲခြင်း၊ စိုက်နည်းစနစ်ပညာပေးခြင်း၊ ပိုးမွှားကာကွယ်ခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ စနစ်တကျအသုံးပြုခြင်း စသည့်လုပ်ငန်းများကို တောင်သူများနှင့် လက်တွဲပြီး အားပေးကူညီဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများ ကိုယ်စား ဒေသခံတောင်သူဦးဌေးဝင်းက ချောင်းမငယ်ရေလှောင်တမံတည်ဆောက်ပေးခြင်းနှင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်မြင့်မားအောင်ဆောင်ရွက်ပေးနေမှုများအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြပြီး ရေလှောင်တမံဖွင့်လှစ်မည့်နေရာသို့ သွားရောက်နေရာယူကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စက်ခလုတ်နှိပ်၍ ချောင်းမငယ်ရေလှောင်တမံကမ္ပည်းကျောက်စာကို ဖွင့်လှစ်ပေးသည်။

အမွှေးနံ့သာရည်များ ပက်ဖျန်း

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ရေလှောင်တမံကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ချောင်းမငယ်ရေလှောင်တမံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ချောင်းမငယ် ရေလှောင်တမံဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ချောင်းမငယ်ရေလှောင်တမံမှာ မြေသားတမံဖြစ်ပြီး ရေဆင်းဧရိယာ ၁၀၃စတုရန်းမိုင်၊ တမံအမြင့် ၉၆ပေ၊ ပင်မတမံအလျား ပေ ၂၁၅၀၊ ကုန်းကြောတမံနှစ်ခု အလျား ပေ ၄၅၀၊ ကန်ရေပြည့်ရေလှောင်ပမာဏဧကပေ ၉၁၇၇၀၊ ကန်ရေသေရေလှောင် ပမာဏဧကပေ ၁၅၃၀၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၃၁၄၈ ဧက၊ ရေအားလျှပ်စစ်တပ်ဆင်အား တစ်လုံးကီလိုဝပ်၅၀၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား ၀ဒသမ၁၆ကီလိုဝပ်နာရီသန်းပေါင်းနှင့် ဆည်ရေပေးဝေနိုင်မည့်ဧရိယာဧက ၈၀၀၀ဖြစ်၏။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ဖဲကြိုးဖြတ်၍ ချောင်းမငယ်ရေလှောင်တမံကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ ချောင်းမငယ် ရေလှောင်တမံဖွင့်ပွဲ အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ချောင်းမငယ်ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ချောင်းမငယ်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

ချောင်းမငယ်ရေလှောင်တမံမှာ မြေသားတမံဖြစ်ပြီး ရေဆင်းဧရိယာ ၁၀၃စတုရန်းမိုင်၊တမံအမြင့်၉၆ပေ၊ ပင်မတမံအလျားပေ ၂၁၅၀၊ ကုန်းကြောတမံနှစ်ခု အလျားပေ ၄၅၀၊ ကန်ရေပြည့်ရေလှောင်ပမာဏဧကပေ ၉၁၇၇၀၊ ကန်ရေသေရေလှောင်ပမာဏဧကပေ ၁၅၃၀၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၃၁၄၈ဧက၊ ရေအားလျှပ်စစ်တပ်ဆင်အားတစ်လုံးကီလိုဝပ် ၅၀၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့်လျှပ်စစ်ဓာတ်အား ၀ဒသမ၁၆ကီလိုဝပ်နာရီသန်းပေါင်းနှင့် ဆည်ရေပေးဝေနိုင်မည့်ဧရိယာဧက ၈၀၀၀ဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ရေလှောင်တမံဖွင့်ပွဲ အခမ်းအနား မကျင်းပမီ ရှင်းလင်းဆောင်၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ချောင်းမငယ်ရေလှောင်တမံ အပါအဝင် လယ်ဝေးဒေသအတွင်း တည်ဆောက်ပေးခဲ့သည့် ဆည်အစုအဖွဲ့များ၏ စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ပန်းတိုင်အထွက်နှုန်း

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရေလှောင်တမံစီမံကိန်းရည်မှန်းချက်များကို စနစ်တကျနှင့် ပြည့်ပြည့်စုံစုံဆောင်ရွက်ရေး၊ ရေလှောင်တမံဝန်းကျင်တွင် စိုက်ဧကများတိုးချဲ့ဖော်ထုတ်ရေး၊ ဆည်ပတ်ဝန်းကျင်ကျေးရွာများကို စနစ်တကျဖြင့် စံပြကျေးရွာအဆင့်ရောက်ရှိအောင် ထူထောင်ပေးရေး၊ ဆည်ဝန်းကျင် စပါးနှင့်အခြားသီးနှံများစိုက်ပျိုးနိုင်ခြင်းမရှိသည့်နေရာများတွင် ဇီဝဒီဇယ်ထုတ်လုပ်နိုင်သည့် ကြက်ဆူပင်များစိုက်ပျိုးရေး၊ စိုက်ပျိုးသီးနှံများကို ပန်းတိုင်အထွက်နှုန်းများရရှိရေးကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။ **(သတင်းစဉ်)**

အစဉ်အလာကောင်းကိုထိန်းသိမ်း၍ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကြိုးပမ်းဖော်ဆောင်

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့် နေထိုင်သော ကျေးလက်ဒေသများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၄-၂၀၀၅ ခုနှစ်မှစတင်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ထူထောင်ခဲ့သည်။ ယခုအခါ တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အခမ်းအနားများ ကျင်းပနေကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ကြားသိနေရသည်။ ကမ္ဘာတွင် စာကြည့်တိုက်အများဆုံးနိုင်ငံအဖြစ် မကြာမီ ရပ်တည်နိုင်တော့မည် ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ခဲ့ကြောင်း မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် နိုင်ငံခြားသားများ၏ မှတ်တမ်း၌ တွေ့ရှိရပေသည်။ ၁၇၉၅ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သော အင်္ဂလိပ်သံအရာရှိ မိုက်ကယ်ဆိုင်းက "မြန်မာနိုင်ငံ၏ ပြည့်ရှင်ဘုရင်မင်းမြတ်ဖြစ်သော ဗဒုံမင်းတရား ဘိုးတော်ဦးဝိုင်းသည် ဒင်းညု(Danube)မြစ်ကမ်းမှ စိန(တရုတ်)ပြည်ကြီး အစွန်းအဖျားတိုင်အောင် ကမ္ဘာတစ်ခွင်ရှိ ထီးဖြူဆောင်းခြင်း မင်းအသီးသီးတို့၏ ပိဋကတ်တိုက် အဝဝတို့ထက် စာထုပ်များလှသော ပိဋကတ်တိုက်တော်ပိုင်ရှင် ဖြစ်လေရာ၏"ဟု မှတ်တမ်းတင်ခဲ့ဖူးသည်။ သုံးရာစုနှစ်လွန်ခဲ့သောနှစ်ပေါင်း တစ်ထောင်ခုနှစ်ရာက တရုတ်ဘုန်းကြီးနှစ်ပါးသည် စိန့်တိုင်းတရုတ်ပြည်ကြီးမှ အိန္ဒိယပြည်သို့ ကုန်းလမ်းခရီးဖြင့် မြန်မာနိုင်ငံကို ဖြတ်သန်းသွားခဲ့သည်။ ယင်းတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်သော မြန်မာနိုင်ငံ စာပေကျမ်းဂန်များအကြောင်းကို မှတ်တမ်းတင်ခဲ့ပေသည်။

မိုက်ကယ်ဆိုင်းနှင့်အတူ လိုက်ပါလာသော ဒေါက်တာဗုကနင်း Dr. Francis Buchananကလည်း မြန်မာတို့၏ စာပေစုဆောင်းထိန်းသိမ်းနည်းကို မှတ်တမ်းတင်ခဲ့သည်။ ဒေါက်တာဗုကနင်းက "ကံ့ကူဆံနှင့်ပုရပိုက်" အခန်းတွင် "စာမရေးတတ်မဖတ်တတ်သော မြန်မာဟူ၍ မရှိသလောက်နည်းပါးလှကာ မြန်မာတိုင်း လူကြီးလူငယ်တို့ စာရေး စာဖတ်တတ်ကြရကား လူတိုင်းလိုလိုသွားလေရာရာ ပုရပိုက်တစ်ဆူနှင့် ကံ့ကူဆံကို ကိုင်ဆောင်ထားကာ ထိုပုရပိုက်၌ စာရင်းအင်းရေးခြင်း၊ သီချင်းဂီတကိုကူးရေးခြင်း၊ အထူးအဆန်း မှတ်သားရန်မှန်သမျှတို့ကို မှတ်သားခြင်းတို့ဖြင့် မှတ်စုစာအုပ်ပမာ ပြုလုပ်သုံးစွဲကြလေသည်"ဟု မှတ်တမ်းတင်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် ပျူခေတ်မှသည် ကုန်းဘောင်ခေတ်တိုင်အောင် အနော်ရထာမင်းကြီး ပိဋကတ်တိုက်၊ ကျစွာမင်းကြီး ပိဋကတ်တိုက်၊ ဘိုးတော်ဘုရားပိဋကတ်တိုက်၊ မင်းတုန်းမင်းပိဋကတ်တိုက်၊ ညောင်ရမ်းမင်းသားပိဋကတ်တိုက်၊ သီပေါမင်းပိဋကတ်တိုက်စသည့် စာကြည့်တိုက်များ ထွန်းကားခဲ့သည်။ ရွာတစ်ရွာလျှင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှုန်းရှိခဲ့ရာ ဘုန်းတော်ကြီးများသည် ပိဋကတ်စာ၊ ပေစာများကို "စာတိုက်"ဟုခေါ်သော ဘီးတပ်ကျွန်းသေတ္တာကြီးများ၌ ထိန်းသိမ်းလျက် ကျေးလက်ဒေသရှိ မြန်မာပြည်သူတို့အား အသိ၊ အလိမ္မာပညာနှင့် ကိုယ်ကျင့်တရားထက်မြက်စေရန် မျှဝေခဲ့သည်။

သို့သော် မြန်မာနိုင်ငံ သူ့ကျွန်ဘဝ ရောက်ရှိသောအခါ စာပေဗဟုသုတမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာမည်ကို မလိုလားသော နယ်ချဲ့တို့သည် မြန်မာစာပေပျောက်ဆုံးရန် ကြံစည်အားထုတ်ခဲ့ကြသည်။ သာဓကအဖြစ် ပုဂံဝန်ထောက်မင်း ဦးတင်၏ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း ပဥ္စမတွဲတွင် ဤသို့ ဖော်ပြထားလေသည်။

"ခရစ်နှစ် ၁၈၈၅ခုနှစ် နိုဝင်ဘာလ ၂၈ရက်နေ့တွင် အင်္ဂလိပ်စစ်သားများသည် မန္တလေးရွှေနန်းတော်ကို လက်ရသိမ်းလိုက်လေသည်။ ထိုနေ့ရက်မတိုင်မီ အောက်တိုဘာလ ၅ရက်တွင် ဗိုလ်မှူးကြီးစလေဒင်သည် နန်းတော်တွင်းရှိ ပေ၊ ပုရပိုက်၊ စာရွက်စာတမ်း၊ မော်ကွန်းစာမှန်သမျှကို မလုမယက်၊မီးမရှို့ကြရဟု အမိန့်တစ်ရပ် ထုတ်ပြန်လိုက်လေသည်။ သို့သော် ထိုအမိန့်ကို လိုက်နာမှုမရှိချေ။ ရွှေနန်းတော်ကြီး၏ ရင်ပြင်တစ်ခွင်လုံး၌ ပုရပိုက်များကိုစုပုံပြီး အချို့အစုအပုံတို့ကို အမှိုက်ရှုပ်သည်ဟု ယူဆကာ မီးတင်ရှို့ကြတော့သည်။ နန်းတွင်းသို့ ရောက်ရှိလာသူတို့သည် မည်သူမဆို ပုရပိုက်တစ်ဆူ၊နှစ်ဆူ စသည်ဖြင့် လိုချင်သလို ကောက်ယူသွားနိုင်၏။ ဤသို့ဖြစ်နေသည်ကို လက်ပိုက်၍ ကြည့်မနေနိုင်သော တောင်ခွင်မင်းကြီးသည် လွှတ်ရုံးစာရေး ဦးမြကို စလေဒင်မင်းကြီးထံစေလွှတ်ကာ အဆိုပါ ဖျက်ဆီး၊ ဖျောက်ဖျက်မှုကို ရပ်စဲအောင် ဆောင်ရွက်ရန် အရေးဆိုလေသည်။"

၁၈၈၆ခုနှစ်တွင် အင်္ဂလိပ်သံအရာရှိ ဂျိမ်းကိုဗလက်က ဤသို့မှတ်တမ်းတင်ခဲ့သည်။ "ယခုအခါ ကျွန်တော်သည် ရွှေနန်းတော်တွင်းရှိ မြန်မာဘုရင်၏ ပိဋကတ်တိုက်ကို စိုးမိုးအုပ်ချုပ်လျက်ရှိပါပြီ။ ဤရာထူး

ခြင်ကျား (မအူပင်)

ကို လက်ခံပြီးလျှင်ပြီးချင်း စာအုပ်စာရင်းကို လက်ငင်းပြုလုပ်ပါသည်။ ပိဋကတ်တိုက်ကြီးကို ပျက်စီး၊ ပြိုကွဲ၊ ပျောက်ရှခြင်းတည်းဟူသော ဘေးရန်မှ ကာကွယ်လိုက်ရခြင်းဖြစ်ချေသည်။ ဤရာထူးကို ကျွန်တော်လက်မခံမီက ရွှေနန်းတော်တွင်း ပိဋကတ်တိုက်တော်ရှိ ပေစာထုပ်များကို တစ်ခုပြီးလျှင်တစ်ခု ရောင်းချနေကြပါသည်။ ရောင်းရငွေကို ဆုတော်ငွေအနေဖြင့် ချီးမြှင့်ပေးကမ်းရန် ဖြစ်သည်။ ဤသို့ ပေစာထုပ်များကို ခွဲထုတ်ရောင်းချခြင်းမပြုလုပ်ဘဲ အင်္ဂလန်ပြည်ရှိ ကျွန်ုပ်တို့၏ တက္ကသိုလ်များအား လက်ဆောင်ကောင်းအနေဖြင့် သိမ်းဆည်းပေးပို့လိုက်ပါမူ လူသာစုခေါ်၊ နတ်သာစုခေါ်မည့် မင်္ဂလာကောင်းမှုဖြစ်ပါလိမ့်မည်"ဟု ရေးသားခဲ့သည်။

သို့သော် သူ့ကျွန်ဘဝရောက်ရှိသောအခါ နိုင်ငံနှင့်လူမျိုး၊ ထိုနိုင်ငံ၏ သယံဇာတသည်သာမက ထိုလူမျိုး၏ယဉ်ကျေးမှုအမွေဖြစ်သော စာပေသည်ပင်လျှင် ဖျက်ဆီးခြင်း၊ ယူငင်ခြင်း ခံခဲ့ရပေသည်။ ထို့ကြောင့် ၁၉၄၂ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးမှ စာရေးဆရာများသည် စာကြည့်တိုက်ထူထောင်ရေးကိစ္စများကို စာပေဟောပြောပွဲများ မြန်မာနိုင်ငံအနှံ့အပြား၌ ကျင်းပပြုလုပ်ခဲ့သည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တွင် တစ်ရပ်ဖြစ်သော ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ရေးကိစ္စကို ဆောင်ရွက်လျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသများတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို အောက်ပါအကျိုးကျေးဇူးများရရှိစေရန် ရည်ရွယ်ထူထောင်ခဲ့သည်။

(၁) ကျေးလက်နေ လူငယ်လူရွယ်တို့ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊
(၂) စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားလာခြင်း၊
(၃) အမှန်နှင့် အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊
(၄) အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေခြင်း၊
(၅) ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊
(၆) နိုင်ငံတော်ကို အကျိုးပြုသည့် သားကောင်းသမီးကောင်းများ ပေါ်ထွန်းလာစေခြင်း

စသည်တို့ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ(၁၅)ကြိမ်ကျင်းပခဲ့ရာ အလှူရှင်များထံမှ စာအုပ်စာစောင်ပေါင်းသိန်း၂၀ကျော်၊ ငွေသားကျပ် ၁၀၆၈သိန်းကျော် အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း၂၉၇၀ ကျော် လက်ခံရရှိခဲ့ပြီဖြစ်သည်။

ဒေသအတွင်းရှိ စေတနာရှင် ပြည်သူများကလည်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ တစ်ဆင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်ကို တွေ့မြင်ရလေသည်။ မြန်မာနိုင်ငံအတွင်း ကျေးရွာပေါင်း ၆၁၉၄၉ ရွာရှိသည့်အနက် ၂၀၀၆ ခုနှစ် ဇွန် ၇ ရက်နေ့အထိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၅၄၇၀၇ တိုက် ထူထောင်ဖွင့်လှစ်ခဲ့ပြီးကြောင်း သိရပေသည်။ ထို့ပြင် တိုင်းအလိုက်၊ ပြည်နယ်အလိုက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ပြီးမြောက်ခြင်းအခမ်းအနားများ ကျင်းပခဲ့ကြကာ ထိုအခမ်းအနားများ၌ မိမိတို့တိုင်းနှင့် ပြည်နယ်များရှိ ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ငွေပဒေသာပင်စိုက်ထူခြင်း၊ စာအုပ်စာတမ်းများ၊ စာကြည့်တိုက်အထောက်အကူပြုပစ္စည်းများ၊ ငွေသားလှူဒါန်းခြင်းများ ဆောင်ရွက်နေမှုကို မြင်တွေ့နေရလေသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပဲခူးတိုင်း တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် စာပေဒါနအလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ၂၀၀၆ ခုနှစ် မေ ၁၁ ရက်က ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍-

"ထူထောင်ပြီးသား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရေးအတွက်လည်း ရေရှည်လုပ်ငန်းစဉ်(၅)ရပ်ဖြင့် ချမှတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီးစာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ စာအုပ်စာစောင်အသစ်များတိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံ မရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန်ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်စွာရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများရရှိရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို စာပေဒါနအလှူရှင်များ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိမိတို့ ဌာနမှ ဝန်ထမ်းများဟူသော အား(၄)အားဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း"

ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံ၏ ဒေသအနှံ့အပြားတွင် စာပေဒါနအလှူရှင်များပေါ်ပေါက်လျက်ရှိသကဲ့သို့ စာကြည့်တိုက်ပညာကျွမ်းကျင်သော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများလည်းအဆင်သင့်ရှိနေပြီဖြစ်ရာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေး ရေရှည်လုပ်ငန်းစဉ်(၅)ရပ်ကို အလေးထားဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ တည်ရှိပြီး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များတွင် နေ့စဉ်ထုတ် သတင်းစာများကို အချိန်မီဖတ်ရှုနိုင်ရန် စီစဉ်ပေးခြင်း၊ အရွယ်မရွေး ဖတ်ရှုနိုင်သော သုတ၊ရသစာအုပ်များကို စနစ်တကျထားရှိကာ ငှားရမ်းဖတ်ရှုနိုင်ရန် စည်းကမ်းစနစ်ဖြင့်စီစဉ်ပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးပညာပေးစာအုပ်များ ထားရှိ၍ ပညာပေးပိုစတာများဖြင့် ကြော်ငြာပညာပေးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ပညာပေးစာအုပ်များ၊ ပိုစတာများထားရှိခြင်း၊ ရုံဖန်ရုံခါနံရံကပ်စာစောင်များပြုလုပ်ပေးခြင်းနှင့် စာပေဟောပြောပွဲများကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ထို့ကြောင့် **ရတောင့်ရခဲသော မိမိတို့ကျေးလက်ဒေသရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးလုပ်ငန်းစဉ်(၅)ရပ်ကို အခြေခံ၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် စာပေဒါနအလှူရှင်များ၏အား၊ ဒေသအာဏာပိုင်များ၏အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၏အား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ အားဟူသည့် အား(၄)အားဖြင့် အရှည်တည်တံ့စေရန် ကြိုးပမ်းဖော်ဆောင်**သွားကြပါစို့ဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသတည်း။ ။

ရတောင့်ရခဲသော မိမိတို့ ကျေးလက်ဒေသရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်(၅)ရပ်ကို အခြေခံ၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် စာပေဒါန အလှူရှင်များ၏အား၊ ဒေသအာဏာပိုင်များ၏အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၏အား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အား ဟူသည့် အား(၄)အားဖြင့် အရှည်တည်တံ့စေရန် ကြိုးပမ်းဖော်ဆောင်။

မြောက်ဥက္ကလာပမြို့နယ် ကျိုက်ထို ဇောတိကာရုံကျောင်းသို့ အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂ ရက်က ဇမ္ဗူအေး ကျောင်းတိုက်ဝင်းအတွင်းရှိ မြတ်မင်္ဂလာကျောင်း၌ ကျင်းပရာ အလှူရှင် သီဟသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့် ဇနီး ဒေါ်မြစမ်းကြည်၊ သား မောင်နေလင်းအောင်၊ သမီး မသီရိဆုမြတ်အောင်တို့က မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးလာဘထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဇူလိုင် ၁၂ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Raffaele Miniero အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ တိုးချဲ့ထုတ်လွှင့် ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၄ ရက် နံနက် ၇ နာရီတွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ပြည်သူများအတွက် အသိပညာပေးဆောင်ရွက်ထားရှိမှုများနှင့် နံရံကပ် ဓာတ်ပုံမှတ်တမ်းများ ပြင်ဆင်ခင်းကျင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီတော်အတွင်း ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးသည် စစ်ကိုင်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး စစ်ကိုင်းထပ်ဆင့် လွှင့်စက်ရုံမှ စစ်ကိုင်းတိုင်းအတွင်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့်နေသည့် လုပ်ငန်းများနှင့်အတူ ပူးတွဲဆောင်ရွက်နေသော MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ထုတ်လွှင့်နိုင်သည့် အနေအထားများကို ကြည့်ရှုစစ်ဆေးပြီး တိုးချဲ့ထုတ်လွှင့်နိုင်ရေးအတွက် လိုအပ်ချက်များကို နည်းလမ်းရှာဖွေကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားပြီး တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ ထပ်ဆင့်လွှင့်စက်ရုံမှ တစ်ဆင့် MRTV-4 အစီအစဉ်များကို မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း မြို့နယ်အချို့အတွက် စီစဉ်ဆောင်ရွက် ထုတ်လွှင့်ပြသလျက်ရှိရာ စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များအတွက် ထပ်မံတိုးချဲ့ထုတ်လွှင့်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ကောင်းမှုတော် စေတီအတွင်း၌ကျင်းပပြုလုပ်သော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းသည် နိုင်ငံတော်အတွက် လိုအပ်နေသော စက်သုံးဆီ အစားထိုးနိုင်ရေးနှင့်ကျေးလက်မီးလင်းစေရေးအတွက်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရာတွင် ပေါ့ပေါ့တန်တန်သဘောမထားဘဲ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြစေလိုကြောင်း၊ သို့မှသာ နိုင်ငံအတွက် အမျိုးသားရေးတာဝန်တစ်ရပ် ကျေပွန်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်၍ တက်ရောက်လာသူများက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင်ပါဝင်စိုက်ပျိုးပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ငှားရမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာရှိ ရာသက်ပန်ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စာကြည့်တိုက်တွင် စာအုပ်စာစောင်များ တိုးပွားရေး၊ ပရိဘောဂများ ဖြည့်တင်းရေး၊ အိမ်ငှားစာအုပ်များကို သင့်တင့်မျှတသောနှုန်းဖြင့် ငှားရမ်းဆောင်ရွက်၍ ရသည့်ငွေကြေးဖြင့် စာအုပ် စာစောင်အသစ်များ ဝယ်ယူရေး၊ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရာသက်ပန် စာကြည့်တိုက်အတွက် ငွေကျပ် ၃၀၀၀၀ ကို စာကြည့်တိုက်မှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးသည်းထန်၍ ရေလွှမ်းသည့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၂

မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းအချို့တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေရာဒေသအချို့၌ ရေကြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိရာ မွန်ပြည်နယ် ကျိုက်မရောမြို့တွင် အတ္တရုံမြစ်ရေသည် ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီတွင် စင်တီမီတာ ၅၂၀ ရှိသဖြင့် ကျိုက်မရောမြို့ပေါ်ရှိ ရပ်ကွက်အချို့ရေနစ်မြုပ်လျက်ရှိပြီး ရေဘေးသင့်အိမ်ထောင်စုဝင်များကို ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တ နေရာချထားပေးလျက်ရှိကြောင်း၊ ရေကြီးမှုကြောင့် ကျောင်းအချို့ကို ခေတ္တပိတ်ထားကြောင်း သိရှိရသည်။ ချောင်းနှစ်ခွကျေးရွာ ရဲစခန်းအတွင်းရှိ ရဲစခန်းရုံးအပါအဝင် လူနေအိမ်အချို့ ရေနစ်မြုပ်လျက်ရှိကြောင်း၊ အဆိုပါ ရေနစ်မြုပ်မှုများကြောင့် လူ၊ ပစ္စည်းထိခိုက်မှုမရှိဘဲ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်နှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်းကာ ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အချိန်မှန်ပြေးဆွဲ

မော်လမြိုင်၊ ရေး၊ ထားဝယ် ရထားလမ်းပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် ရထားလမ်းပိုင်းအချို့ ပျက်စီးခဲ့သော်လည်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြန်လည်ကောင်းမွန်ပြီဖြစ်၍ ရထားများ ပြန်လည်ပြေးဆွဲလျက်ရှိသည်။ မော်လမြိုင်ဘူတာမှ နေ့စဉ် ပုံမှန်ပြေးဆွဲလျက်ရှိသည့် မော်လမြိုင်၊ ရေး၊ ထားဝယ် အမြန်ရထားသည် ရေး၊ ထားဝယ်ရထားလမ်းပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး သံလမ်းပေါ်သို့ မြေများဖုံးလွှမ်းနေခြင်းကြောင့် ဇူလိုင် ၄ ရက်မှစ၍ ကလိန်အောင်ဘူတာအထိသာ ပြေးဆွဲခဲ့ရပြီး အဆိုပါ ရထားလမ်းပိုင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက အချိန်မီ ပြုပြင်ဆောင်ရွက်ပြီးစီးသဖြင့် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းမှစ၍ မော်လမြိုင်မှ ထားဝယ်သို့ အချိန်မှန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ထို့အတူ ဇူလိုင် ၈ ရက်မှ စ၍ ရခိုင်ပြည်နယ် သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သော်လည်း သံတွဲမြို့တွင် ဇူလိုင် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေလုံးဝ ကျဆင်းသွားခဲ့ကြောင်း၊ တောင်ကုတ်မြို့၌ ဇူလိုင် ၁၁ ရက် နံနက် ၂ နာရီတွင် ရေလုံးဝကျဆင်းသွားခဲ့ကြောင်း၊ ဂွမြို့၌ ဇူလိုင် ၁၁ ရက် နံနက် ၂ နာရီတွင် ရေလုံးဝကျဆင်းသွားခဲ့ကြောင်း သိရသည်။

နေရာချထားပေး

ချောင်းရေ ပြန်ကျပြီးချိန်တွင် သံတွဲမြို့ရှိ လမ်း၊ ဈေး၊ စာသင်ကျောင်းနှင့် နေအိမ်များတွင် ရွှံ့နွံများကျန်ရစ်ခဲ့သဖြင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုကြောင့် ရေဘေးသင့် အိမ်ထောင်စုဝင်များကို ကယ်ဆယ်ရေးစခန်း သုံးခုဖွင့်လှစ်၍ နေရာချထားပေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ စစ်ကိုင်းတိုင်း ကောလင်းမြို့နယ်တွင် ဇူလိုင် ၁၀ ရက် နံနက် ၁ နာရီ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖလဲကျေးရွာအုပ်စု၊ ကန်ဘောက်ကျေးရွာအနီး ငှက်ပြောတောချောင်း ရေကြီး၍ ငှက်ပြောတောချောင်းဆည် ဝဲဘက် မြေသားတမံ အရှည်ပေ ၄၀၊ အမြင့် ၁၄ ပေခန့် ကျိုးပေါက်သွားခဲ့ကြောင်း၊ ပင်မဆည်ထိခိုက်မှုမရှိကြောင်းနှင့် ဆည်ကျိုးပေါက်မှုကို တာဝန်ရှိသူများက ပြုပြင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေး

ထို့အတူ ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးတိုင်း ရွှေကျင်မြို့ ရွှေကျင်ချောင်း၏ စိုးရိမ်ရေမှတ်မှာ စင်တီမီတာ ၇၀၀ ရှိရာမှ ၇၁၂ စင်တီမီတာသို့ ရောက်ရှိပြီး ကျောင်းအချို့ ပိတ်ထားခဲ့ရကြောင်း၊ ရေဘေးသင့်အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ပဲခူးတိုင်း သနပ်ပင်မြို့ရှိ စစ်တောင်း တူးမြောင်းကူး သစ်သားတံတားတွင် သစ်သားထောက်တိုင် ဆွေးမြည့်ကျိုးပြတ်သွားခဲ့ပြီး တံတားပေါ်သို့ ဆိုင်ကယ်များ ဖြတ်သန်းသွားလာခြင်းကို ယာယီပိတ်ထားလျက်ရှိပြီး မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အမြန်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျဉ်းမနားမြို့ ကျက်သရေဆောင် ဆုတောင်းပြည့် လောကမာရဇိန် စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံရန်အတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၅၇ လမ်းထိပ် အမှတ် ၁၂၀ နေ ဦးစန်းမြင့် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငြိမ်း)ဇနီး ဒေါ်စွန်ဒရော၊ သား ဦးတင်ရွှေ (မြန်မာကော်တွန်ကုမ္ပဏီ၊ လိုက်ကာချုပ်လုပ်ငန်း) ဇနီး ဒေါ်ယဉ်ယဉ်မြင့် မိသားစုတို့က အလှူတော်ငွေကျပ် ငါးသိန်းကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အစိုးရ၊ တပ်မတော်နှင့်ပြည်သူဆိုသည့် အားသုံးအားဖြင့် တည်ဆောက်နေ ပြည်သူ၏အားထဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှာ အဓိကအင်အားစုအဖြစ်ပါဝင် စစ်ကိုင်းတိုင်း၏အားထားရာ တက္ကသိုလ်ကြီးများမှ အဆိုပြုလွှာပေးအပ်ခြင်းကိုဂုဏ်ယူ

စက်ခလုတ်နှိပ်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ချမ်းလှရေယာဉ်ကို စက်ခလုတ်နှိပ်၍ ရေချပေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၂

မုံရွာစီးပွားရေးတက္ကသိုလ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာစုပေါင်းပေးအပ်ပွဲကို ဇူလိုင် ၇ ရက်က အဆိုပါတက္ကသိုလ်ရှိ ခန်းမဦးကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တက်ရောက်ချီးမြှင့်ကြပြီး အမှာစကားပြောကြားကြသည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ မုံရွာ စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် ဝန်ထမ်းများ၏ အသင်းဝင်အဆိုပြုလွှာ ၁၂၅၁ စောင်ကို တွဲဖက်ပါမောက္ခ ဒေါ်မော်မော်ခင်က ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟို အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က မုံရွာ စီးပွားရေးတက္ကသိုလ်အတွက် အလှူငွေကျပ်ငါးသိန်းစီနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ငွေကျပ်ငါးသိန်းတန် ကွန်ပျူတာတစ်စုံနှင့် ငွေကျပ် တစ်သိန်းခွဲတန် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ် ဦးအောင်မြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်ချီးမြှင့်

ဆက်လက်၍ မုံရွာတက္ကသိုလ် ခန်းမတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟို အတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တက်ရောက်ချီးမြှင့်၍ အမှာစကားများ အသီးသီးပြောကြားကြသည်။

ယင်းနောက် မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် ဝန်ထမ်းများ၏ အသင်းဝင်အဆိုပြုလွှာ ၂၂၂၃ စောင်ကို မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မောင်ထူးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သူရအေးမြင့်က လက်ခံသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က မုံရွာတက္ကသိုလ်အတွက် လှူဒါန်းငွေကျပ်ငါးသိန်းစီနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ငွေကျပ် ငါးသိန်းတန်ဖိုးရှိသော ကွန်ပျူတာတစ်စုံနှင့် ငွေကျပ် နှစ်သိန်းလေးသောင်း တန်ဖိုးရှိသော အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ပါမောက္ခချုပ် ဒေါက်တာမောင်ထူးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဓိကအင်အားစုဖြစ်

မုံရွာ စီးပွားရေးတက္ကသိုလ်နှင့် မုံရွာတက္ကသိုလ်တို့တွင် ကျင်းပသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲများတွင် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ယနေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် နိုင်ငံတော် အစိုးရ၊ တပ်မတော်၊ ပြည်သူဆိုသည့် အားသုံးအားနှင့် တည်ဆောက်လျက်ရှိကြောင်း၊ ပြည်သူ၏အားထဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အဓိက အင်အားစုအဖြစ်ပါဝင်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ အင်အားစုထဲတွင်လည်း ကျောင်းသားလူငယ်များအသင်းဝင်အဖြစ်ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသည့် အသင်းဖြစ်ပြီး ပြည်သူများ၏ အကျိုးကို ဆောင်ရွက်နေသောအသင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း၏ အားထားရာတက္ကသိုလ်ကြီးများမှ အသင်းဝင်အဆိုပြုလွှာ ပေးအပ်ခြင်းဖြစ်၍ များစွာဂုဏ်ယူမိပါကြောင်းဖြင့် ပြောကြားသည်။

ဗဟို အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့လူငယ်များသည် အနာဂတ်တွင် တိုင်းပြည်တာဝန်များကို ထမ်းဆောင်ကြမည့်သူများဖြစ်ရာ လူငယ်များ၏အနာဂတ်တာဝန်မှာ ကြီးမားလှပါကြောင်း၊ ယင်းကဲ့သို့ ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အသင်းဝင်အဖြစ် အဆိုပြု ဝင်ရောက်သည့်အတွက် မိမိအနေဖြင့် များစွာ အားရ ဝမ်းသာဖြစ်ပြီး လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း၊ ယနေ့ လူငယ်များ၏အင်အားသည် မိမိတို့ အသင်းကြီးအတွက်များစွာ အားကိုးရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသော အမျိုးသားရေး အသင်းဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးစသည့် တာဝန်များကို ပြည်သူတို့နှင့်အတူ လက်တွဲဆောင်ရွက်နေသောအသင်း ဖြစ်ကြောင်း။

ယနေ့လူငယ်များသည် အတိတ်သမိုင်းကို သိရန်လိုကြောင်း၊ ပစ္စုပ္ပန်အခြေအနေများကိုလည်း နားလည်သဘောပေါက်ထားရန် လိုကြောင်း၊ သို့မှသာ အနာဂတ်ကာလတွင် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊အတိတ်သမိုင်းကို လေ့လာ၍ ခါးသီးသော အတွေ့အကြုံကို သင်ခန်းစာအဖြစ် ယူပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အားစိုက် ခွန်စိုက် ပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် တပ်မတော်နှင့် ပြည်သူလူထုတို့နှင့်လက်တွဲ၍ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ပံ့ပိုး ကူညီနေသော အသင်းကြီးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက တိုင်းပြည်မှာ စည်းလုံးညီညွတ်သော အမျိုးသားရေးအင်အားတစ်ရပ်ရှိသင့်သည်ဟုသုံးသပ်ပြီး ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

ဂုဏ်ယူဝမ်းမြောက်

ယခုအခါ ပြည်သူ့အကျိုးပြု လုပ်ငန်းများနှင့် ကျေးလက် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်တွင် ပါဝင်ဆောင်ရွက်နေသော ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများက ဝင်ရောက်ကြရန် အသင်းဝင် အဆိုပြုလွှာတင်ကြသည့်အတွက် မိမိအနေဖြင့်များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မုံရွာမြို့ရှိ ချင်းတွင်းသဘောကျင်းတွင် ကျင်းပပြုလုပ်သော ချမ်းလှရေယာဉ်ရေချပွဲ အခမ်းအနားသို့တက်ရောက်ချီးမြှင့်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ချင်းတွင်းသဘောကျင်းဌာနခွဲမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆွေလေးအောင်က ချမ်းလှရေယာဉ် တည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရေချပေး

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ချမ်းလှရေယာဉ်အား ရေချပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မုံရွာတက္ကသိုလ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်အဆိုပြုလွှာ စုပေါင်း ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ချယ်ရီဦးနာရီဝယ်ယူအားပေးသူများ ကံထူးရှင်ရွေးချယ်

ရန်ကုန် ဇူလိုင် ၁၂

ချယ်ရီဦးနာရီ အရောင်းဆိုင်များတွင် ဖေဖော်ဝါရီမှ ဇွန်လအတွင်း ဝယ်ယူအားပေးကြသူများအား ကံထူးရှင်ရွေးချယ်ဂုဏ်ပြုပွဲကို ယနေ့ နံနက်ပိုင်းက စင်ထရယ်ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များရှိ အရောင်းဆိုင်များမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရွေးချယ်

ရှေးဦးစွာ ချယ်ရီဦးထုတ်ကုန် သွင်းကုန်ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးရန်နိုင်ကျော် **(ယာပုံ)** က နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာသော ရုပ်ရှင်သရုပ်ဆောင် လူမင်း၊ သရုပ်ဆောင်မိုးဟေကိုနှင့် အနုပညာရှင်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များက ကံထူးရှင်များကို ရွေးချယ်ပေးကြသည်။

ထို့နောက် ချယ်ရီဦးထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်မှ စီမံခန့်ခွဲရေးအထူးအရာရှိ ဒေါ်ခင်အေးမြင့်က တက်ရောက်လာသူများကို ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

ဂျာမနီနည်းပြ ကလင်းစမန်း နည်းပြရာထူးကို စွန့်လွှတ်လိုက်ပြီ

ရေးသားတင်ပြသူ မြင့်မောင်စိုး

ဘာလင် ဇူလိုင် ၁၂

ဂျာမနီနည်းပြ ကလင်းစမန်းသည် ဂျာမနီဘောလုံးအသင်းနည်းပြအဖြစ်ဆက်မလုပ်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။



ကလင်းစမန်း

ဂျာမနီနည်းပြ ဆက် မ လုပ် လိုတော့သည့် ဂျာမနီအသင်း နည်းပြ ကလင်းစမန်း။ (ဓာတ်ပုံ-အင်တာနက်)

ဘောလုံးကစားသမား ၂၃ဦး နှင့် ၉၃ ရာခိုင်နှုန်းသောပြည်သူများက နည်းပြအဖြစ် ဆက်လုပ်ရန် အားပေးခဲ့သော်လည်း ၎င်းက ဆက်မလုပ်လိုတော့ဟု ဆိုလာသည်။

ဂျာမနီအသင်းသည် ၂၀၀၈ဥရောပချန်ပီယံခြေစစ်ပွဲ စက်တင်ဘာလတွင် မကစားမီ ဩဂုတ် ၁၆ရက်တွင် ဆွီဒင်အသင်းနှင့် ချစ်ကြည်ရေး ကစားရမည် ဖြစ်သည်။ ကလင်းစမန်းသည် တနင်္ဂနွေနေ့က ၎င်း၏ဂျာမနီနည်းပြစာချုပ်ကုန်ဆုံးခဲ့သည်။ ၎င်းသည် အမေရိကန်အသင်း နည်းပြအဖြစ်လုပ်ရန် ကမ်းလှမ်းချက်ကို လက်ခံထားခဲ့သူဖြစ်သည်။

လက်ခံ

မိမိသည်ကလင်းစမန်း၏ဆုံးဖြတ်ချက်ကို နောင်တရမိကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် ၎င်း၏ဆုံးဖြတ်ချက်ကို လက်ခံလိုက်ပြီဖြစ်ကြောင်း ဂျာမနီဘောလုံးအဖွဲ့ချုပ် ပူးတွဲဥက္ကဋ္ဌ ဂါဟက်ဇေယာဇော်ဖယ်ဒါက ပြောကြားသည်။

အစားထိုး

လက်ထောက်နည်းပြ ဂျိုယာချင်းအား ကလင်းစမန်း၏ နေရာတွင် အစားထိုးလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဆက်မလုပ်လို

ကယ်လီဖိုးနီးယားတွင် နေထိုင်သော ကလင်းစမန်းအား ဂျာမနီအသင်းကို ကမ္ဘာ့ဖလားတတိယဆု ဆွတ်ခူးပေးခဲ့ပြီးနောက် နည်းပြဆက်လုပ်ရန် ဂျာမနီဘောလုံးအဖွဲ့ချုပ်က တိုက်တွန်းထောက်ခံ အားပေးသော်လည်း ဆက်လက် မလုပ်လိုတော့ကြောင်း ကလင်းစမန်းက ပြောကြားခဲ့သည်။

အားပေးခဲ့

ကလင်းစမန်းအား ကမ္ဘာ့ဖလား ပါဝင်ကစားခဲ့သော ဂျာမနီအသင်း

စိတ်မဝင်စား

အင်္ဂလန် သို့မဟုတ် အီတလီ နည်းပြလုပ်ရန် စိတ်မဝင်စားဟူ၍လည်း ကလင်းစမန်းက ပြောကြားသည်။

ဂျာမနီအသင်းသည် စတုဂတ်မြို့၌ ပေါ်တူဂီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ကမ္ဘာ့ဖလား တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။ ။

(အင်တာနက်)

၂၀၀၆ ကမ္ဘာ့ဖလား နောက်ဆက်တွဲသတင်းများ

ဘာလင် ဇူလိုင် ၁၂

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် ပတ်သက်သည့် နောက်ဆက်တွဲသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ

ပြင်သစ်နည်းပြအဖြစ် ဒိုမီနစ်ချ်တာဝန်ဆက်ယူမည်

ပြင်သစ်အသင်းနည်းပြအဖြစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သူ ရေမွန်ဒိုမီနစ်ချ်အား ထပ်မံတာဝန်ပေးမည်ဖြစ်ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်။

ရေမွန်ဒိုမီနစ်ချ်သည် ပြင်သစ်အသင်းကို ယူရို ၂၀၀၄ ပွဲအပြီး နည်းပြ ဂျက်ကွက်ဆန်တီနီထံမှ လွှဲပြောင်းတာဝန်ယူခဲ့သူဖြစ်သည်။ ပြင်သစ်ဘောလုံးအဖွဲ့ချုပ် အနေဖြင့် နည်းပြဒိုမီနစ်ချ်အား နောက်ထပ်နှစ်နှစ် ဆက်လက်တာဝန်ယူရန် မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။



ရေမွန်ဒိုမင်နစ်ချ်အား ပြင်သစ်နည်းပြအဖြစ် ထပ်မံတာဝန်ပေးမည်။ (ဓာတ်ပုံ-အင်တာနက်)



ပိုလန်နည်းပြ

ပိုလန်နည်းပြအဖြစ် အစားထိုးတာဝန်ယူခဲ့ရသော ပိုလန် နည်းပြ ဘင်ဟက်ကာ။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲအထိရောက်အောင် စွမ်းဆောင်နိုင်ခြင်းမှာ လွယ်ကူသည့်လုပ်ရပ်မဟုတ်ကြောင်း၊ မိမိတို့ ပြင်သစ်အသင်းသည် စည်းလုံးညီညွတ်မှု အားနည်းသော အသင်းဖြစ်ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီး လာမည့်ဩဂုတ် ၁၆ ရက်တွင် ပြင်သစ်အသင်းသည် ဆာရာယေဗိုမြို့၌ ဘော့စနီးယား-ဟာဇီဂိုဗီနားအသင်းနှင့် ချစ်ကြည်ရေးပွဲအဖြစ် ကစားရန်ရှိသည်။

ပိုဘောစကီး ချက်အသင်းမှ အနားယူမည်

ချက်အသင်းကွင်းလယ် ကစားသမား ပိုဘောစကီးသည် နိုင်ငံတကာ ဘောလုံးသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ အသက် ၃၄ နှစ်အရွယ် ရှိပြီဖြစ်သော ပိုဘောစကီးသည် ချက်ရုပ်မြင်သံကြား၌ ပြောကြားရာတွင် ချက်အသင်းမှ အနားယူတော့မည်ဖြစ်ကြောင်း၊ နိုင်ငံ့လက်ရွေးစင်ဘောလုံးသမားအဖြစ်မှ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ မိမိသည် သာမန်ပရိသတ်တစ်ဦးပင်ဖြစ်ကြောင်း ပိုဘောစကီးက ပြောကြားသည်။

ပိုဘောစကီးသည် လာဇီယို၊ ဘင်ဖီကာနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့တွင် ပါဝင်ခဲ့သူလည်း ဖြစ်သည်။ ပိုဘောစကီးသည် ၁၉၉၆ ဥရောပဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းနှင့် ကစားသည့်ပွဲ၌ စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး ချက်အသင်းအတွက် စုစုပေါင်း ရှစ်ဂိုးသွင်းပေးခဲ့သူလည်း ဖြစ်သည်။

ပိုလန်နည်းပြအဖြစ် ဘင်ဟက်ကာ တာဝန်ယူမည်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပွဲ၌ ပိုလန်နည်းပြ ပါဝယ်ဂျာနက်စ် နုတ်ထွက်သွားခဲ့ပြီးနောက် အစားထိုးတာဝန်ယူခဲ့ရသော ဘင်ဟက်ကာသည် ပိုလန်ဘောလုံးအသင်း နည်းပြအဖြစ် ဆက်လက်တာဝန်ယူသွားမည်ဖြစ်ကြောင်း ပိုလန်ဘောလုံးအဖွဲ့ချုပ်က ပြောကြားလိုက်သည်။

ရီးရဲလ်မက်ဒရစ်က ခေါ်ယူရန် ကြိုးစားနေသော အီတလီအသင်းခေါင်းဆောင် ဖာဘီရိုကင်နာဗာရို။ (ဓာတ်ပုံ-အင်တာနက်)

အသက် ၆၄ နှစ်အရွယ်ရှိပြီဖြစ်သော ဒတ်ချ်နိုင်ငံသား ဘင်ဟက်ကာသည် ပိုလန်ဘောလုံးအသင်းတွင် ပထမဆုံး နိုင်ငံခြားသား နည်းပြဖြစ်လာမည်ဖြစ်သည်။ ဘင်ဟက်ကာသည် ပိုလန်အသင်းကို လာမည့် ဥရောပဖလား နောက်ဆုံးဗိုလ်လုပွဲအထိရောက်အောင် စွမ်းဆောင်ပေးနိုင်လိမ့်မည် ယုံကြည်ကြောင်း ပိုလန်ဘောလုံးအဖွဲ့ချုပ်မှ အကြီးအကဲ မစ်ချယ်လစ်စကီဝက်ဇ်က ပြောကြားလိုက်သည်။

ဘင်ဟက်ကာသည် နည်းပြအဖြစ် နယ်သာလန်အသင်း၊ ဆော်ဒီအာရေဗျအသင်း၊ ရီးရဲလ်မက်ဒရစ်နှင့် အေဂျက်ဇ်အသင်းတို့တွင် တာဝန်ယူခဲ့ဖူးသူဖြစ်ပြီး ထရီနီဒက်နှင့် တိုဘာဂိုအသင်းကို ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား နောက်ဆုံး ပွဲစဉ်များသို့ ဝင်ရောက်ကစားခွင့်ရအောင်လည်း စွမ်းဆောင် နိုင်ခဲ့သူဖြစ်သည်။

အီတလီအသင်းကပ္ပတိန် ကင်နာဗာရိုကို ရီးရဲလ်မက်ဒရစ်က ခေါ်ယူရန်ချဉ်းကပ်နေ

၂၀၀၆ ကမ္ဘာ့ဖလားကို ရယူခဲ့သော အီတလီအသင်းခေါင်းဆောင် ဖာဘီရိုကင်နာဗာရိုကို ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် ကြိုးစားနေရာ နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။

အသက် ၃၂နှစ်အရွယ်ရှိ ကင်နာဗာရိုသည် ဆုဖလားနှင့် သုံးနှစ်ကြာဝေးကွာနေသော ရီးရဲလ်မက်ဒရစ်အသင်းကို အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်း ဒါရိုက်တာ ပက်ဂျာမီဂျာတိုဗစ်က ပြောကြားသည်။ ။ **(အင်တာနက်)**

စီးရီးအေကလပ် ထိပ်တန်းလေးသင်း လုပ်ပွဲကစားခဲ့၍ ကြားနာစစ်ဆေးခံရန် စောင့်ဆိုင်းနေရ

မီလန် ဇူလိုင် ၁၂

အီတလီထိပ်တန်းကလပ် အသင်းများသည် လုပ်ပွဲများကစားခဲ့မှုကြောင့် မကောင်းသတင်းများ ဖြစ်ပေါ်ခဲ့ရာ ကြားနာစစ်ဆေးမှုခံယူရန် စောင့်ဆိုင်းနေလျက်ရှိသည်။

မေးမှိန်သွား

အီတလီအသင်း ကမ္ဘာ့ဖလား ဗိုလ်စွဲပြီး ဂျာမနီမှပြန်လာပြီးနောက် ဂျူဗင်တပ်စ်၊ အေစီမီလန်၊ လာဇီယိုနှင့် ဖီအိုရင်တီးနားအသင်းများ၏ ကြားနာစစ်ဆေးမှုမှာ မေးမှိန်သွားခဲ့ပြီဟုဆိုသည်။

မသေချာမရေရာ

သို့ရာတွင် ယခုအထိတော့ ကြားနာစစ်ဆေးမည်၊ မစစ်ဆေးမည် ဆိုသည့်ကိစ္စမှာ မသေချာ မရေရာဖြစ်နေကြောင်း၊ လာမည့် စနေနေ့အထိ ဖြစ်နိုင်ဖွယ် မရှိသေးကြောင်း အီတလီဘောလုံး အဖွဲ့ချုပ်က ပြောကြားသည်။

မျှတကောင်းမွန်အောင်

တရားသူကြီးချုပ် ကလီမင်ဆေးမာစတဲလ်လာက ဘာလင်မြို့ ကမ္ဘာ့ဖလားအောင်ပွဲကို ထည့်သွင်းစဉ်းစားခြင်းဖြင့် မျှတကောင်းမွန်အောင် ဆုံးဖြတ်မည်ဖြစ်ကြောင်းလည်း ဆော်ဩထားသည်။

ခြိမ်းခြောက်မှုကိုရင်ဆိုင်

ဂျူဗင်တပ်စ်၊ အေစီမီလန်၊ လာဇီယိုနှင့် ဖီအိုရင်တီးနားအသင်းများသည် အီတလီစီးရီးအေ တန်းဆင်းဗုန်ဆင်းရမည့် ခြိမ်းခြောက်မှုကို ရင်ဆိုင်နေကြရသည်။

ရောမမြို့ တရားရုံးကချမှတ်မည့် ဆုံးဖြတ်ချက်သည် ကမ္ဘာ့ဖလားအောင်ပွဲရ ကစားသမား ၁၃ ဦးအား ထိခိုက်စေမည်ဖြစ်သည်။

စွန့်လွှတ်ရဖွယ်

ဂျူဗင်တပ်စ်အသင်းသည် ဒိုင်လူကြီးများနှင့်ပင်း၍ လုပ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိလျှင် ပြီးခဲ့သော ဖလားနှစ်လုံးကို စွန့်လွှတ်ရဖွယ်ရှိသည်။ **(အင်တာနက်)**

တရုတ်အပြေးသမား လီရှုကျန်း မီတာ ၁၁၀ တန်းကျော်ပြေးပွဲ၌ စံချိန်သစ်တင်

ပေကျင်း ဇူလိုင် ၁၂

တရုတ်နိုင်ငံသား အပြေးသမား လီရှုကျန်းသည် အမေရိကန်နိုင်ငံ လော်ဆန်နီဒေသ၌ ကျင်းပသော အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပွဲတွင် ၁၂ ဒသမ ၈၈စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်ကို တင်နိုင်ခဲ့သည်။

ဒုတိယဆု

အမေရိကန်မှ ဒေါမနစ်အာနိုးက ၁၂ ဒသမ ၉၀ စက္ကန့်ဖြင့် ဒုတိယဆု ရရှိခဲ့သည်။ စောစောပိုင်းက အမေရိကန်မှ ဇဗီယာကာတာက မီတာ ၂၀၀ပြိုင်ပွဲတွင် ၁၉ ဒသမ၆၃ စက္ကန့်ဖြင့် ဒုတိယဆု ရရှိနိုင်ခဲ့သည်။

မီတာ ၁၁၀တန်းကျော်ပြေး စံချိန်ရှင် တရုတ်အပြေးသမား လီရှုကျန်း၏ ယှဉ်ပြိုင်ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

စံချိန်တင်

တရုတ်အပြေးသမား လီရှုသည် အိုလံပစ် ချန်ပီယံဖြစ်ပြီး ယခင်က ဗြိတိန်မှ မီတာ ၁၁၀တန်းကျော် ပြေးပွဲ စံချိန်တင်ထားသော ကောလင်းဂျက်ဆင်နှင့် ကမ္ဘာ့အကောင်းဆုံး စံချိန်တင်ထားခဲ့သူဖြစ်သည်။ အဆိုပါ ဗြိတိန်သားသည် ၁၉၉၃ခုနှစ်က ၁၂ ဒသမ ၉၁ စက္ကန့်ဖြင့် စံချိန်တင်ထားခဲ့သူဖြစ်သည်။

အသက် ၂၃နှစ်အရွယ်ရှိ လီရှုသည် စတုဂတ်၌ ကမ္ဘာ့စံချိန်နှစ်ခုတင်ထားသော ဂျက်ဆင်၏ စံချိန်ကို ချိုးကာ ၂၀၀၄ခုနှစ်က အေသင်အိုလံပစ်တွင် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

မွေးနေ့ဆုတောင်း

၁၃–၇–၂၀၀၆ရက်တွင်ကျရောက်သည့် ချစ်သမီးငယ် **မသရဖီကျော်သူ(သဲသဲ)**၏ (၁၆)နှစ်မြောက် မွေးနေ့မှစ၍ ဘဝတစ်လျှောက်လုံး ထူးချွန်ထက်မြက်ပြီး အရာရာကို တတ်သိနားလည်သော သမီးကောင်းရတနာလေးဖြစ်ပါစေ။

ဖေဖေ–ဗိုလ်မှူးချုပ်ကျော်သူ၊ မေမေ–ဒေါ်အေးအေးရီ

ကိုကို–ဗိုလ်ကြီးကျော်သူရဝင်း၊ မမ–မသဇင်ကျော်သူ။





သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ စာသင်ခုံများနှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပညာရေးဖွံ့ဖြိုးမှု အထောက်အကူပြုလုပ်ငန်းအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်းရှိ သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ စာသင်ခုံများနှင့်ထောက်ပံ့ငွေများ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တာမွေမြို့နယ် သီရိမင်္ဂလာကျောင်း ပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အဂ္ဂဝံသ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေး၊ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့်အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်နှင့်ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ကျောင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ဆရာမများ၊တာဝန်ရှိသူများ တက်ရောက်ကြသည်။

သီလခံယူ

ရှေးဦးစွာသီရိမင်္ဂလာကျောင်း ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်နှင့်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က သီရိမင်္ဂလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ထိုင်ခုံနှင့် စာရေးခုံတွဲလျက် စာသင်ခုံ ၃၄ခုံနှင့် ငွေကျပ်သုံးသိန်းကို ကျောင်းကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးထံ ထောက်ပံ့ ပေးအပ်လှူဒါန်းသည်။ **(ဝဲအပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က အဖွဲ့ချုပ်က စာသင်ခုံနှင့် အလှူငွေများထောက်ပံ့ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးက အဖွဲ့ချုပ်က ဆောင်ရွက်လျက်ရှိသော ပညာရေးဖွံ့ဖြိုးမှု အထောက်အကူပြု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနား အပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျန်းမာရေး ညီညွတ်စေရန် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၇ ခုနှစ် ပြက္ခဒိန်စောင်ရေ တစ်သောင်းနှင့်အထက် ထုတ်ဝေရန်အတွက် လုပ်ငန်းအပ်နှံရန် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။

၂။ တင်ဒါတင်သွင်းလိုသူများသည် ဇူလိုင် ၂၇ရက် နောက်ဆုံးထားတင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသည်များရှိက ဖုန်း–၅၆၂၀၆၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊
အမှတ် ၂၉၅၊ သံသုမာလမ်းနှင့်ပါရမီလမ်းထောင့်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပျဉ်းမနားမြို့၊ အောင်ချမ်းသာရပ်၊ ဇောတိကခြံနေ ကျွန်မ ဒေါ်စုစုဝင်း ၉/ပမန(နိုင်)၀၀၉၆၃၁၏ သားဖြစ်သူ မောင်ကျော်မင်းထွေး ၉/ပမန(နိုင်)၀၀၁၃၅၉သည် မိခင်လုံးဝခွင့်မလွှတ်နိုင်သည့်ကိစ္စကို မိမိဆန္ဒအလျောက်ပြုမူပြီး ၁၈–၆–၂၀၀၆ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှအပြီးတိုင် ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ကျွမ်းကျင်သူဝန်ထမ်းများအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ကျွန်ုပ်တို့ကုမ္ပဏီသည် လွန်ခဲ့သော ၁၂နှစ်ကာလမှစ၍ အဆင့်မြင့်ခေတ်မီဒီဇိုင်းများဖြင့် လုပဆန်းပြားသော ပရိဘောဂ အချောထည်များကို ထုတ်လုပ်သောကုမ္ပဏီဖြစ်ပါသည်။ တက်ကြွဖျတ်လတ်ပြီး တိုးတက်မြင့်မားလိုသူ အောက်ဖော်ပြပါ ကျွမ်းကျင်သူဝန်ထမ်းများကို အလိုရှိပါသည်။

၁။	လွှစက်ကိုင်တွယ်မောင်းနှင်နိုင်သူ	ကျား	၂	ဦး
၂။	သစ်အချောထည်စက်အမျိုးမျိုးကျွမ်းကျင်သူ	ကျား	၅	ဦး
၃။	လက်သမား	ကျား	၁၀	ဦး
၄။	ကော်ပတ်စက်ကျွမ်းကျင်သူ	ကျား	၁၀	ဦး
၅။	ဆေးမှုတ်ကျွမ်းကျင်သူ	ကျား	၁၀	ဦး
၆။	ပန်းပုကျွမ်းကျင်သူ	ကျား	၅	ဦး
၇။	ထုပ်ပိုးကျွမ်းကျင်သူ	ကျား	၅	ဦး
၈။	စတိုပစ္စည်းထိန်းသိမ်းသူ	မ	၁	ဦး
၉။	စာရင်းကိုင်	မ	၁	ဦး

အမှတ်စဉ် ၁မှ ၇အထိ သက်ဆိုင်ရာလုပ်ငန်းများကိုကျွမ်းကျင်သူများဖြစ်ရမည်။
အမှတ်စဉ် ၈ အတွက် ဘွဲ့ရ၊ Excel နှင့် Softword ကျွမ်းကျင်သူ၊
အမှတ်စဉ် ၉အတွက် B.Com, CPA, LCCI(III) ကွန်ပျူတာကျွမ်းကျင်သူ။
အမှတ်စဉ်အားလုံးအတွက် လုပ်သက်အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

လေဘာကတ်၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူများနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ၊ ကိုယ်ရေးမှတ်တမ်း (CV)၊ ကျွမ်းကျင်မှုလက်မှတ်များနှင့်အတူ ဝါလွင်ပရိဘောဂစက်ရုံ၊ စိန်ကျော်လမ်း၊ စိန်ကျော်ဆီစက်ဝင်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၇၂၂၈၈ သို့ လျှောက်ထားနိုင်ပါသည်။ အဆင့်ပြည့်မီသော လျှောက်လွှာများကိုသာ လူတွေ့ခေါ်ယူစစ်ဆေးပြီး ခန့်အပ်သွားမည်ဖြစ်ပါသည်။

GSMဖုန်းပျောက်ဆုံးခြင်း

ကျွန်တော်၏ GSM ဖုန်းအမှတ် (၀၉၅၁၁၁၇၀၀)သည် ၁၀–၇–၂၀၀၆ ရက်တွင် တောင်ကြီးမြို့၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမှတ် (၂၁၃/ခ)၊ သီရိမင်္ဂလာလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့သို့ ဆက်သွယ် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။

ကျေးဇူးဆပ်ပါမည်

ဗိုလ်ချုပ်အောင်ဆန်းလမ်းမ အိုးအိမ်ရုံး ကားပါကင်တွင် တယ်လီဖုန်းတစ်လုံး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၃၈၆၆၅၈၊ ၀၉ ၉၀ ၅၁၀၁၀။**

လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း ပြန်/ဆက် ဦးစီးဌာနရည်မှန်းချက်တာဝန်များ ကြိုးပမ်းဆောင်ရွက်

လားရှိုး ဇူလိုင် ၁

၂၀၀၆ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပရာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်ကို ထပ်ဆင့်ရှင်းလင်းသည်။

အခမ်းအနားသို့ မြန်မာ့ရုပ်မြင်သံကြားမှ ဇုန်နယ်မှူး ဦးစိန်သောင်း၊ ကိုယ်ပွားသတင်းစာတိုက်မှ တာဝန်ခံအရာရှိ ဦးဇော်လွင်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဌာနခွဲမှူး ဦးလှကျော်ဦးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ မှာကြားချက်များကို ဆက်လက်ရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ၂၀၀၆-၂၀၀၇ ခုနှစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ရေး၊ ဖွင့်လှစ်ပြီးသော ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့အောင် စီမံချက်ပါအတိုင်း အောင်မြင်အောင် ဆောင်ရွက်ကြရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားရေးသင်တန်းများကို ခရိုင်အလိုက်ဘဏ္ဍာနှစ်အတွင်း ဝန်ထမ်းများ သင်တန်းပို့ချပေးရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

(ပြည်နယ် ပြန်/ဆက်)

မိုးညှင်းမြို့တွင် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်မှုကို ဇူလိုင် ၂ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ချို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းပြသစဉ်။

(မြို့နယ် စည်ပင်)

အမှာစကားပြော

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝရတ်ခန်းမတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းက အဖွင့်အမှာစကားပြောကြားစဉ်။ (၀၆၄)



ကျိုင်းလပ်မြို့ အဝင် မုခ်ဦးဆိုင်းဘုတ်ဖွင့်

ကျိုင်းလပ် ဇူလိုင် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကကြီးမှူး၍ မြို့အဝင်မုခ်ဦးဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမင်းနိုင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြရာ **(အပေါ်ပုံ)** ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ရေရရှိရေး သိန်းနီမြို့၌ ဆောင်ရွက်

သိန်းနီ ဇူလိုင် ၁၀

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေရရှိရေး စီမံကိန်းအရ ဆောင်ရွက်ခဲ့သော ဂျက်ကာစက်ရေတွင်းများကို ဇူလိုင် ၂ ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး(အင်/ယာ)ဦးလှသိန်းအောင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေတို့ လိုက်လံစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်စိုးစိုးထွဏ်းတို့က လိုက်လံရှင်းလင်းပြသကြကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်(၅)ရက်

၁၄-၇-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (အနတ္တလက္ခဏသုတ် တရားတော်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (Golden Hope ခရီးသွားလုပ်ငန်း အကြောင်း)

၁၁:၃၅ သုတကမ္ဘာ

၁၂:၀၀ ကျန်းမာရေးနှင့်ဆေးပညာ (အာဟာရချို့တဲ့မှုများ ကာကွယ်ရေးနှင့်အာဟာရဖြည့်တင်းသုံးဆောင်ရေး)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အနန္တ ကျေးဇူးရှင်)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုးသံတွေအောက်မှာ
(၂) မိုးတွေရွာတိုင်းမျက်ရည်ဝိုင်း
(၃) မိုးသည်းထဲမှာ

၁၇:၃၀ မေတို့ရေးရာသိမှတ်စရာ (ထေရ်ရီအရှင်မကြီးများ၏ မှာကြားချက်)

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ရွှေမိုးလေတွေ ညိုတော့)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အိုခြင်းတရားနှင့်သိပ္ပံအမြင်ပထမပိုင်း-မောင်ဆုရှင်)

၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့(တေးပွင့်ကြယ်စင်-ကာလပေါ်အဖွဲ့)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ညွှန်းပြသက်သေ
(၂) တိမ်ညိုတွေနှင့်လမ်းခွဲည
(၃) သံသရာတစ်ကွေ့ဝယ်

အမြို့မြို့ အနယ်နယ် သတင်းများ

မကွေး-မင်းဘူး-အမ်း မော်တော်ကားယာဉ်လိုင်းသစ်ဖွင့်

မကွေး ဇူလိုင် ၂

ဗန္ဓုလပို့ဆောင်ရေး ကုမ္ပဏီလီမိတက်(ရွှေမန်းသူ)၏ မကွေး-မင်းဘူး-အမ်း မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၈ နာရီက မကွေးမြို့ အဝေးပြေးကားဝင်းအတွင်း စွယ်တော်ဖူးကားဂိတ်ရှေ့၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမျိုးမြင့်နှင့် မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းတို့က ယာဉ်လိုင်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်မှညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းနှင့် မကွေးမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတို့က မကွေး-မင်းဘူး-အမ်း မော်တော်ယာဉ်လိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၃၈၃)**

ပျဉ်းမနား၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးသင်တန်းဆင်း

ပျဉ်းမနား ဇွန် ၂၀

ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ နွေရာသီမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးသင်တန်းဆင်းပွဲကို မေ ၃၁ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ သင်တန်းသူ သင်တန်းသားများက မြန်မာ့မှုဟန်တေးသီချင်းဖြင့် သီဆို၍ ဖွင့်လှစ်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများက သင်ယူတတ်မြောက်သည့် အဆို၊ အက၊ အတီးများဖြင့် သီဆိုတီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။ (၀၉၉)

နွားထိုးကြီး၌ မိုးစပါးကေ ပြည့်မီရေးဆောင်ရွက်

နွားထိုးကြီး ဇွန် ၃၀

နွားထိုးကြီးမြို့နယ် မိုးစပါးကေ ပြည့်မီကျော်လွန်ရေးအတွက် ရွေ့ပြည်ရန်အောင် ကျေးလက် ဖွံ့ဖြိုးရေးဆည်ကို ဇွန် ၉ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်ဆည်မြောင်း ဦးစီးဌာန ဦးစီးအရာရှိ ဦးမြသိန်းနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များက ကွင်းဆင်းကြည့်ရှုကြသည်။

ရွှေပြည်ရန်အောင် ဆည်ရေစီးရေလာကောင်းရေး၊ ဆည်ရေဖြင့် မိုးစပါးစိုက်ကေ ၃၅၀ အပြည့်အဝစိုက်ရေး၊ စပါးစိုက်ကေ ဖော်ထုတ်ရေးနှင့် မြောင်းသန့်ရှင်းရေးတို့ကို ကျေးရွာ လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

နွားထိုးကြီးတွင် မိုးစပါး ၃၁၁၆၆ ဧကကျော် လျာထားအကောင်အထည် ဖော်နေရာ ဧကပြည့်မီကျော်လွန်အောင် မြို့နယ်အစီအစဉ်ဖြင့် စိုက်ဧကများ ဖော်ထုတ်ဆောင်ရွက်ခြင်းဖြစ်သည်။ (၂၂၇)

မြို့တွင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်ရွှေမောင်ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်နေမှုကို ဇွန်၁ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘမြင့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

အလေးချိန်ခွင် မှန်ကန်စွာရောင်းချရေး ကွင်းဆင်းစစ်ဆေး

မြင်းခြံ ဇူလိုင် ၁

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စံပြဈေးအတွင်း ရောင်းချသော အသားငါးဈေးသည်များ အလေးချိန်ခွင် မှန်ကန်စွာရောင်းချရေးနှင့် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များ ရောင်းချရေးတို့ကို ဇွန် ၁၁ ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းနိုင်ဦး၊ ကျန်းမာရေးမှူး(၂)ဦးတင်ဝင်းလှိုင်နှင့် ဈေးခေါင်း ဦးယဉ်ထွေးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(၄၀၂)**

ထန်းတပင်၌ ကျေးလက်ကျန်းမာရေး ဆေးခန်းဖွင့်

ထန်းတပင် ဇူလိုင် ၂

တောင်ငူခရိုင် ထန်းတပင်မြို့နယ် ဘုမ္မတီးကျေးရွာအုပ်စု ဘုမ္မတီးကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း အဆောက်အအုံဖွင့်ပွဲကို ဇွန် ၂၆ ရက် နံနက်၉နာရီခွဲက အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝေမောင်၊လက်ထောက် ဆရာဝန်ဒေါက်တာ စိုးအောင်သက်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင်မောင်ဝင်းနှင့်ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ကျန်းမာရေးဝန်ထမ်းများနှင့်ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝေမောင်၊ မြို့နယ် လက်ထောက်ဆရာဝန် ဒေါက်တာစိုးအောင်သက်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်း အဆောက်အအုံကို ကျေးရွာ ဥက္ကဋ္ဌက ဦးဆောင်၍ ပြည်သူများက စုပေါင်းဆောက်လုပ်လှူဒါန်းကြပြီး တန်ဖိုးငွေကျပ် ၂၅သိန်းကျော်ဖြင့် အကုန်အကျခံ ဆောက်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကလေးမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြေးဆွဲလျက်ရှိသော အနေးယာဉ်များ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွက် လိုင်စင်များ သက်တမ်းတိုးလဲလှယ်ထုတ်ပေးလျက်ရှိရာ ဇွန်၁၆ရက်က ဒုတိယဦးစီးမှူး (အခွန်)ဒေါ်ဖြူဝါသင်းနှင့် ဝန်ထမ်းများက အနေးယာဉ် အင်္ဂါရပ်များ၊ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိမရှိ စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီး၌ မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ပြည်တွင်းဖြစ်အထည် ဝတ်စားဆင်ယင်မှုသရုပ်ပြ

တောင်ကြီး ဇူလိုင် ၅

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းပသော ပြည်တွင်းဖြစ်အထည် ဝတ်စားဆင်ယင်မှုပြပွဲအခမ်းအနားကို ဇွန်၂၉ရက် ည ၆နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ စုံညီစွာ တက်ရောက်ကြည့်ရှုအားပေးကြသည်။

သရုပ်ပြ

အခမ်းအနားတွင် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူလေးများနှင့် အဆို၊ အက၊ အရေး၊ အတီး ဖျော်ဖြေရေးအဖွဲ့ဝင်များက ဦးရွှေရိုး ဒေါ်မိုးအက၊ ကဗျာလွတ်အက၊ အောင်စေပိုင်စေမင်းသားမင်းသမီးအက၊ အဆို၊ အတီးများဖြင့် ဖျော်ဖြေပြီး တောင်ကြီးမြို့ပေါ်ရပ်ကွက် ၂၀မှ လှပျိုဖြူလေးများက ပြည်တွင်းဖြစ် အထည်များကို ဝတ်စားဆင်ယင် သရုပ်ပြကြသည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ သရုပ်ပြလှပျိုဖြူလေးများနှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်သင်းမျိုးမျိုးအောင်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

(ပြည်နယ်အမျိုးသမီးရေးရာ)

လမ်းတံတားပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်

မိုးမိတ် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့်အဖွဲ့သည် မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ခုနှစ် စမ်းချောင်း၊ လမ်းတံတားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကို ဇွန် ၃၀ ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပေးအပ်လှူဒါန်း

လှိုင်သာယာမြို့နယ် စတုတ္ထအကြိမ်မြောက် ယဉ်ကျေးမှုသင်တန်းနှင့် **စာတော်ပြန်ပွဲအတွက် ကျောင်းပေါင်းစုံ ကျောင်းသားကျောင်းသူများအား လှူဒါန်းရန် ပထမအကြိမ် အလှူခံရရှိသော ငွေကျပ်လေးသိန်းခြောက်သောင်း ကျော်တန်ဖိုးရှိ ယဉ်ကျေးမှုစာအုပ်များ လှူဒါန်းပွဲကို ဇူလိုင် ၇ရက်က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ အလှူရှင်များ ကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးက မင်းကွန်းတောင်ရိုး သာသနာပြုဆရာတော်ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ မြို့နယ်ယဉ်ကျေးမှု သာသနာပြု ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးမြတ်ဝေတိုးက လက်ခံယူစဉ်။** (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေးများအတွင်း သားငါးရောင်းချနေသူများ သန့်ရှင်း လတ်ဆတ်မှုနှင့် ကျန်းမာသန့်ရှင်းမှုရှိစေရေး အတွက် ယင်လုံ ဆန်ခါများ တပ်ဆင်ရောင်း ချ မှု ကို ဇွန် ၂၈ ရက် က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဒုတိယဦးစီးမှူး (ဈေး)ဦးညွှန့်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လက်ပံတန်း၌ကျင်းပ

လက်ပံတန်း ဇူလိုင် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် သစ်တောဦးစီးဌာနက ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင်၇ရက် နံနက်၈နာရီက ရေငံလမ်း ထန်းပင်ချောင်ကျေးရွာနှင့် ရေငံကျေးရွာကြား၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်း၊ သာယာဝတီခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့် လက်ပံတန်းမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးခင်မောင်မြင့်တို့က ဦးဆောင်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက ကျွန်း၊ပျဉ်းမ၊မယ်ဇလီ၊ပျဉ်းကတိုးနှင့် ယင်းမာစသော ပျိုးပင်ပေါင်း၁၀၀၀ကိုစုပေါင်းစိုက်ပျိုးကြသည်။**(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)**

ကနီမြို့ အမှတ်(၂)ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေး အတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ ဇွန် ၁၉ရက်က အုတ်ရေနုတ်မြောင်းများတူးဖော်ခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်း၊ အမှုဆောင်အရာရှိ ဦးဟန်ထွန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါး သိကောင်းစရာများဆွေးနွေး

မိုင်းဖြတ် ဇူလိုင် ၂

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ဇွန် ၂၆ ရက်က မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဆရာဝန်ဒေါက်တာသန်းမြင့်နှင့် ဒုတိယရဲမှူးထွန်းသိန်းတို့က မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောကြသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မော်ဘီ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများ ပညာသင်စရိတ် ထောက်ပံ့ကြေးငွေပေးအပ်

မော်ဘီ ဇူလိုင် ၁၀

မော်ဘီမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများအား ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်စရိတ် တန်ဖိုးငွေကျပ်၂၅၅၀၀၀နှင့် စာအုပ်၊ စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၆ရက်က စစ်မှုထမ်းဟောင်းအဖွဲ့ရုံး မော်ဘီ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်ဦး၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးညွန့်အောင်နှင့် အလုပ်အမှုဆောင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးကျော်မြင့် ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
အကြံပေးပုဂ္ဂိုလ် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့်
ပါမောက္ခဒေါက်တာဒေါ်ခင်ဝင်း(အငြိမ်းစား) တပ်မတော်ဆေးတက္ကသိုလ်တို့၏
တစ်ဦးတည်းသောသား

ဗိုလ်ကြီးသူရိန်ကျော်မြင့်
M.B.,B.S(Ygn.),M.Med. Sc (Surgery)
အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) နှင့်
ရန်ကုန်မြို့နေ ဦးလှမောင် ရုံးအုပ်(ငြိမ်း) အမှတ်(၂)စက်မှုဝန်ကြီးဌာန-ဒေါ်စန်းမြင့်
ရုံးအုပ်(ငြိမ်း) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့၏ တစ်ဦးတည်းသောသမီး

ဗိုလ်ကြီးခိုင်သန္တာမောင် B.Sc (Physics)
တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)
တို့သည် ၁၃၆၈ခု ဝါဆိုလပြည့်နေ့ ၉-၇-၂၀၀၆ရက်(တနင်္ဂနွေနေ့)တွင်နှစ်ဖက်သောလူကြီးမိဘများ ရှေ့မှောက်၌ ဓေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **နှစ်ဖက်မိဘများနှင့် ဗိုလ်ကြီးသူရိန်ကျော်မြင့်-ဗိုလ်ကြီးခိုင်သန္တာမောင်။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မမ/၂၇၅၀ အမျိုးအမည် Honda Dreamယာဉ် လက်ဝယ်ရှိသူ အမည် ဦးလှဦး မှတ်ပုံတင်အမှတ် ၆/မအရ(နိုင်) ဝ၈၂၁၇၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဦးစီးမှူးရုံး(မြိတ်)။**

အမည်ပြောင်း

မကွေးမြို့ဆည်မြောင်းတည်ဆောက်ရေး(၈)မှယာဉ်မောင်း(၄)ဦးဝင်းတင့်၇/ပမန(နိုင်)ဝဝ၆၁၃၂ ၏အမည်မှန်မှာ ဦးဝင်းတင် ဖြစ်ပါကြောင်း။ **ဦးဝင်းတင်**
ဆည်မြောင်းတည်ဆောက်ရေး(၈)၊ မကွေးမြို့။

မင်္ဂလာညစာခံပွဲ ကျေးဇူးတင်လွှာ

မော်ဘီမြို့နေ ဒုတိယဗိုလ်မှူးကြီးထွန်းအေး-ဗိုလ်ကြီးဒေါ်ဥမ္မာတင်တို့၏သားတပည့်
မုံရွာမြို့နေ ဦးကိုကိုကြီး(လ/ထ သတ္တုတွင်းအင်ဂျင်နီယာ၊ ငြိမ်း)-
ဒေါ်တင်တင်သောင်း(ငွေစာရင်းဌာန၊ငြိမ်း)တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးရန်ကြီးအောင် B.Sc,(D.S.A), M.Sc(Chemistry)

နှင့်
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာနေ
ဦးသန်းထွန်း (Bosun, Uniteam Marine Ltd.)-
ဒေါ်သိန်းသိန်းရီတို့၏ တစ်ဦးတည်းသောသမီး

မသန္တာထွန်း B.A(Geography)

တို့၏ ၂၄-၆-၂၀၀၆ရက်တွင် "Dolphin" (Grand Ball Room) မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားသို့ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးတင်ထွန်းနှင့် ဇနီး ဒေါ်ဝင်းဝင်းတင့်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော Uniteam Marine Ltd., (Managing Director) Capt. Mr. Wi Lk and Ms: Wi Lk တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး တေးသံရှင် ဟေမာနေဝင်း၊ သတို့သမီးဝတ်စုံဖန်တီးရှင်ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊မိတ်ကပ်ဇော်ဇော်(ထီလာ)၊ ပန်းအလှဆင်နီနီ(ပွိုင့်)၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးသော ရောင်စဉ်လှိုင်း၊ ဓာတ်ပုံနှင့် ဗီဒီယို မောင်မောင်ညှပ်(ရွှေကပ်ကြေး)၊ မင်္ဂလာညစာခံပွဲသို့ကြွရောက်ချီးမြှင့်ကြသော လူကြီးမင်းများနှင့် နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေ သူငယ်ချင်းများနှင့် Dolphin မှ မန်နေဂျာဦးသိန်းဝင်းနှင့် ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးရန်ကြီးအောင်-မသန္တာထွန်း။

အမည်ပြောင်း တောင်ကြီးမြို့အထက(၄)၊ ဒုတိယတန်း(B)မှ ဦးနေထွန်းလင်း၏ သမီးဖြစ်သူ နန်းနေခြည်ခွန်းဆင့်အား ယနေ့မှစ၍နန်းနေခြည်ဟန်ဟု ပြောင်းလဲခေါ်ပါရန်။ **နန်းနေခြည်ဟန်။**

မီးအိမ်သစ်
အကူသူနာပြုသင်တန်း

တန်းခွဲသစ် ၁၇-၇-၂၀၀၆ ရက် စမည်။ (၂၉)ကြိမ်မြောက်တန်းခွဲတွင် နေရာမရလိုက်သူများနှင့် တန်းခွဲသစ်အတွက် စာရင်းပေးသွင်းနိုင်ပြီ။ ထိရောက်သော လေ့ကျင့်သင်ကြားမှု၊ သင်ယူမှုအတွက် လူဦးရေကန့်သတ်ထားပါသည်။ **အမှတ် ၂၇၈၊ အနော်ရထာလမ်း၊ မော်တင်ဈေးအနီး (မော်တင်မှတ်တိုင်အနီး) လမ်းမတော်၊ ရန်ကုန်။ ဖုန်း ဝ၉-၅ဝ-၁ဝ၁၅၆။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒဥပဒေ
အမိန့်- ၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၈၆

မြန်မာ့စီးပွားရေးဘဏ်(၁)	**နှင့်**	၁။ ဦးစိန်ဌေး
မန္တလေးမြို့		၂။ ဒေါ်ခင်ဝင်း(ခ) ဒေါ်ခင်ခင်ဝင်း
တရားနိုင်		**တရားရှုံး**

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၉၀တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့(မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် ဝါခေါင်လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးတိုင်း၊ အမရပူရမြို့၊ရွှေဂွမ်းထုတ်ရပ်၊အကွက်(၆၀၁/ထန်းတပင်)၊ ဦးပိုင် (၃၂၀)၊ ဧရိယာ ဝ.၁၁၀ ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂၇ × ၄၃)ပေရှိ သွပ်မိုး၊ ထပ်ခိုးပါ တစ်ထပ်ပတ်ကားတိုက်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး- ကျပ်သိန်း ၁၆၀

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝင်းမြင့်
တွဲဖက်တိုင်းတရားသူကြီး(၆)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ-၆၆)
ပဲခူးခရိုင်တရားရုံးတော်၌
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်- ၃၇(အမ်)

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် သနပ်ပင်မြို့	**နှင့်**	၁။ ဦးမြင့်ဟန် ၂။ ဦးတင်ထွန်း
တရားနိုင်		**တရားရှုံး**

ပဲခူးခရိုင်တရားရုံးတော်က ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် - ၇၂တွင် စရိတ်များအပါအဝင် ငွေ၂၇၂၁၀၇၈ကျပ် ၉၆ပြားအတွက် ဒီကရီအတည်ဇာရီပြုရာ၌ အောက်၌ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၀၆ခုနှစ် ဇူလိုင်လ၂၅ ရက်နေ့(မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း၁ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာ၊ အကွက်အမှတ် -၉၀၄(က)၊ ဦးပိုင်အမှတ်(၂၈)၊ မြေဧရိယာ ဝ.၁၁၀မ၂၅ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂၄ ×၂၈×၁၆)ပေရှိ ရှေ့အုတ်ကာ၊ အိမ်မပျဉ်ခင်း၊ ပျဉ်ကာ၊သွပ်မိုး၊ မီးဖိုဆောင်(၂၄x၁၀)ပေရှိ တစ်ထပ်အိမ်တစ်လုံးနှင့် (၂၈ × ၅၄ ×၁၅)ပေရှိသစ်တိုင်သွပ်မိုး ကွန်ကရစ်ခင်း ဆန်စက်အဆောက်အအုံနှင့် R.H.Y PRODUCER GAS ဓာတ်ငွေ့အင်ဂျင်စက်ပစ္စည်းအားလုံး။

ကြမ်းခင်းဈေး - ကျပ်သိန်း ၄၀

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ၂၁ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ခင်မြင့်မြင့်**
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့။

သားအဖြစ်မှစွန့်လွှတ်ခြင်း

၈-က သီရိမြိုင်(၃)လမ်း ၁၃ရပ်ကွက် လှိုင်နေ ဦးအောင်သိန်း-ဒေါ်တင်အုံးတို့၏သား မောင်သစ္စာ ၁၂/လမန(နိုင်)၁၃၇၁၃၂သည် မိဘ၏ သွန်သင်ဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် (၆-၇-၂၀၀၆)ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူပါ။ **ဦးအောင်သိန်း-ဒေါ်တင်အုံး။**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ယောမင်းကြီးလမ်း စက်မှုဇုန် (၄) မြေတိုင်းရပ်ကွက် အမှတ် (အပိုင်း-၄) မြေကွက်အမှတ် ၁၂၈ ဧရိယာ ဝ ဒသမ ၉၇၇ ဧကအကျယ်အဝန်း ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပဲသန့်စင်စက်နှင့် ဂိုဒေါင်အပါအဝင် အဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းဌေး (LPA-160940)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့်တကွ စက်ရုံအပါအဝင် အဆောက်အအုံတို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပြီး၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးဇော်မင်း(ဥပဒေဘွဲ့)
တရားရုံးချုပ်ရှေ့နေနှင့် ကုမ္ပဏီများ၏ ဥပဒေအကြံပေး
အမှတ် ၆၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။
ရုံးဖုန်း-၃၇၂၃၃၀၊ အိမ်ဖုန်း-၂၉၀၃၆၄။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၆၁၁၃ HIBIRD ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်းဝေ မှတ်ပုံတင်အမှတ် ၉/မနတ(နိုင်) ဝ၈၆၂၃၈ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်စောအက်ဒွပ်ရန်နီ ကိုင်ဆောင်သောနိုင်ငံကူးလက်မှတ် အမှတ်-၂၂၁၈၄ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
ဖုန်း-၆၈၂၄၄၅ Ex-၁၀၅၇။

အမည်ပြောင်း

ဦးဒါနီလှ၏သမီး ကျိုင်းတုံမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း (D) မှ မရွှယ်မျော်အား မမာဂရောင်းဟု ပြောင်းလဲခေါ်ပါရန်။ **မမာဂရောင်း။**

ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာန ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာပေးအပ်

ကြို့ပင်ကောက် ဇူလိုင် ၁၀

ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာန၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဇူလိုင် ၄ရက် နံနက် ၁၁ နာရီက ကြို့ပင်ကောက်မြို့နယ် သစ်တောဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်း ၄၂ ဦးတို့၏ အသင်းဝင်အဆိုပြုလွှာများကို ဝန်ထမ်းများကိုယ်စား မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးလှမင်းက ပေးအပ်ရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန့်ဇင် က လက်ခံယူသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ပညာ အလုပ်ရုံဆွေးနွေး

ယင်းမာပင် ဇွန် ၃၀

စာကြည့်တိုက်ပညာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၁ရက်က ယင်းမာပင်မြို့နယ် ဇီးတောကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ခင်ဝင်းကြည်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေ ဝယ်ယူရန်အတွက် မိခင်ကြီး ဒေါ်ခင်တင်နှင့် ဦးကျော်မင်း (အေးငြိမ်းသာ အထူးကုဆေးခန်း)- ဒေါ်ရီရီဌေး (တရားရုံးချုပ်ရှေ့နေ)၊ ရန်နိုင်ထွန်း-ရတနာကျော်စံဖြိုး အမှတ်၂၃ လှည်းတန်း ကမာရွတ်မြို့နယ် မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင် တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းအကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)နှင့် အရှင်ကုသလ M.A တို့ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဒီပဲယင်းမြို့ဝင်မုခ်ဦး သာယာလှပစေရေးအတွက် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်းပြီး ပန်းအလှပင်များ စိုက်ပျိုးနေမှုကို ဇွန် ၂၄ ရက်က အမှုဆောင်အရာရှိ ဦးမျိုး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အီတလီသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Raffaele Miniero အား ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း မြောက်ဥက္ကလာပဆေးရုံကြီးမှ ပါမောက္ခ ဌာနမှူးများဦးစီး၍ ယာယီဖွင့်လှစ်ထားသည့် ဆေးခန်းများတွင် ကျန်းမာရေးဆေးစစ်ခြင်း၊ ရောဂါစစ်ဆေးကုသမှုခံယူခြင်း ပြုလုပ်နေမှုများကို ကြည့်ရှုအားပေးစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ကြိုးပမ်းမှု ချို့တဲ့ကျောင်းသားကျောင်းသူများ လူမှုဘဝ သာယာလာမည်

သတင်းမြင်ကွင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၂

ကလေးသူငယ်များသည် အနာဂတ်၏ခေါင်းဆောင်များ၊ အနာဂတ်၏ စွမ်းဆောင်ရှင်များ၊ အနာဂတ်၏ပညာရှင်ကြီးများဖြစ်လာနိုင်သူများပင်ဖြစ်ကြသည်။

လိုအပ်ချက်

ဤသို့ အနာဂတ်တွင် လူချွန်လူကောင်းများ ပေါ်ထွန်းလာရန်မှာ ချမ်းသာကြွယ်ဝ ပြည့်စုံသူများအတွက် လောကခံကို စိန်ခေါ်နိုင်စွမ်းရှိသော်လည်း ချို့တဲ့သူများနှင့် ကိုယ်အင်္ဂါချို့ယွင်းသည့် ကျောင်းသားသူငယ်များအတွက်မူ လိုအပ်ချက်တစ်ခုခုရှိနေပေလိမ့်မည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

ဆူပူအုံကြွမှုဖြင့် တိုင်းပြည်ကိုဖျက်ဆီးမည့် အဖျက်သမားတစ်စု၏အကြံ ပြည်သူတစ်ရပ်လုံးက လုံးဝလက်မခံဘဲ ဆန့်ကျင်ဖယ်ရှားသွားမည်

အနှစ်နှစ်အလလ ကြိုးပမ်းတည်ဆောက်ထားရသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ကာကွယ်စောင့်ရှောက်ကြမည်

ရန်ကုန် ဇူလိုင် ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုအခါ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိဖြစ်ထွန်းနေပြီး ဒီမိုကရေစီအသွင်ကူးပြောင်းမှု အလားအလာကောင်းများကိုလည်း တစ်ဆက်တည်း ဖော်ဆောင်နိုင်လျက်ရှိနေပြီဖြစ်သည်။

ယင်းသို့ တည်ငြိမ်အေးချမ်းမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလျက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်သို့ ဦးတည်လျှောက်လှမ်းနေချိန်တွင် နိုင်ငံတော်အာဏာကို ဆူပူအုံကြွမှုဖြင့် ဖြတ်လမ်းမှရယူလိုသော ပြည်တွင်း ပြည်ပအဖျက်သမားများသည် အိမ်နီးချင်းနိုင်ငံသို့ စုရုံးရောက်ရှိပြီး ပြည်တွင်းဆူပူအုံကြွအကြမ်းဖက်မှုများ လုပ်ကြံဖန်တီးရန် ညှိနှိုင်းတိုင်ပင်စည်းဝေးခဲ့ကြောင်း၊ တိုင်းပြည်မတည်မငြိမ်ဖြစ်စေရန်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးစေရန်အတွက် ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များ၊ ဆူပူလှုံ့ဆော်ရေးသမားများကို ပြည်တွင်းပြည်ပချိတ်ဆက် စေလွှတ်လက်ခံပြီး လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း ကြိုတင်သတင်းများ ရရှိခဲ့သဖြင့် ပြည်သူလူထုထံ အသိပေးထုတ်ပြန်ထားပြီးဖြစ်သည်။

အဆိုပါ သတင်းများနှင့် ဆက်စပ်လျက် ယခုအခါ ၁၉၈၈ ခုနှစ် ဆူပူအကြမ်းဖက်မှုတွင် ပါဝင်လှုပ်ရှားခဲ့သူများ၊ ပြည်တွင်းရှိ နိုင်ငံရေးပါတီတစ်ခုမှ ပါတီဝင်များနှင့် အပေါင်းပါများသည် အကြမ်းဖက်အဖျက်သမား ပြည်ပြေးများစေလွှတ်လိုက်သည့် ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များ၊ဆူပူလှုံ့ဆော်ရေးသမားများနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းကာ ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်မည့် (အာဇာနည်နေ့)ကို အကြောင်းပြုပြီး အုပ်စုဖွဲ့ စီတန်းလှုံ့ဆော်မှုများဖြင့် မတည်မငြိမ်မှုများ

စာမျက်နှာ ၃ ကော်လံ ၁ ■